# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းထုတ်ပြန်ချက်

### ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ တုံ့ပြန်ချက်များအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချ

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ကုလ သမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွေ့ရှိရသည်။ ယင်းကြေညာချက်များ၌ပါရှိသည့် အချက်အလက်များသည် မှန်ကန်မှု မရှိ၊ တိကျမှုမရှိကြောင်း တွေ့ရပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်း တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ၂၅-၈-၂၀၁၇ ရက်တွင် စတင်ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း (Security outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို

*စာမျက်နှာ ၃ ကော်လံ ၁* ■

### စာပေဗိမာန် (၇၅)နှစ်မြောက်စိန်ရတုအထိမ်းအမှတ် အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့်(၃၇)လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား MRTV – HD၊ MRTV News Channel ၊ MWD HD ၊ MWD Variety ၊ MITV ၊ Skynet Up to Date ၊ Channel – 9 ၊ MOI Website ၊ MOI Youtube ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ ဖတ်စရာ


**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး**

ပြည်တွင်းသတင်း | စာ - ၄

**ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်**

ပြည်တွင်းသတင်း | စာ - ၄

**ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစ**

ဆောင်းပါး | စာ - ၆

**ရေကောင်းမြေမှန် စာပေဗိမာန်**

စာပေဗိမာန် (၇၅) နှစ်မြောက် စိန်ရတုသဘင်ကို ဂုဏ်ပြုလျက်

ဆောင်းပါး | စာ - ၉





### International Army Games-2022 ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့က ပထမဆု သုံးဆု၊ ဒုတိယဆု တစ်ဆုနှင့် တတိယဆု လေးဆု ဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၂၅

မြန်မာ့တပ်မတော်အနေဖြင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ဩဂုတ် ၁၅ ရက်မှ စတင်၍ ကျင်းပ ပြုလုပ်လျက်ရှိသည့် International Army Games-2022 ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်အတူ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ် စွမ်းရည်ပြိုင်ပွဲ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲအပြင် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Army of Culture တွင်လည်း မြန်မာ့တပ်မတော် ကိုယ်စားပြု ရိုးရာယဉ်ကျေးမှု အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ဩဂုတ် ၁၅ ရက်မှ စတင်၍ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ပြိုင်ပွဲဝင် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့ဆိုင်းဝိုင်း တီးခတ်မှုပြိုင်ပွဲတွင် ပထမဆု၊ စုံတွဲအဆိုပြိုင်ပွဲ (ရုရှားသီချင်း) ပထမဆု၊ အကပြိုင်ပွဲ (ခေတ်၄ခေတ်) အကတွင် တတိယဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# စိန်ရတုစာပေဗိမာန်

၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် "မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး Burma Translation Society – BTS" အဖြစ် စတင်ဖွဲ့စည်းဖြစ်တည်လာခဲ့သည့် "စာပေဗိမာန်" မှာ သက်တမ်း ၇၅ နှစ်ပြည့်သည့် စိန်ရတုကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြည်သူလူထု ဗဟုသုတကြွယ်ဝရေးအတွက် နိုင်ငံတကာစာပေမှ ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေနိုင်ရေး ဘာသာပြန်စာပေဌာနကြီး တစ်ခု တည်ထောင်ရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်နှင့်အညီ ဘာသာပြန်စာပေအသင်းကြီး ပေါ်ပေါက်လာခြင်းဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် မေလတွင် စာပေဗိမာန်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

စာပေဗိမာန်သည် ၇၅ နှစ်တာ သက်တမ်းတစ်လျှောက် "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု ပညာဗဟုသုတတိုးပွားရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ရင်း စာပေသမိုင်းမှတ်တိုင်များစွာကို စိုက်ထူနိုင်ခဲ့သည်။ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ်စာစဉ်များ၊ ကျောင်းသုံးစာအုပ်ဘာသာပြန်များ၊ မြန်မာ့စွယ်စုံကျမ်းအုပ်တွဲများ၊ နှစ် ၅၀ စာစဉ်များ၊ စာပေဗိမာန်မဂ္ဂဇင်း၊ ပြည်သူ့လက်စွဲစာစဉ်များ၊ လူထုသိပ္ပံကျမ်းကိုးတွဲ၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များ၊ ရွှေသွေးဂျာနယ်၊ သုတပဒေသာစာစောင် စသည်ဖြင့် စာပေဗိမာန်သက်တမ်းတစ်လျှောက်တွင် ထုတ်ဝေဖြန့်ချိခဲ့သည့် တန်ဖိုးနည်းသလောက် ဝန်ပါလှသည့် စာအုပ်စာစောင်၊ ကျမ်းပေါင်းများစွာတို့ဖြင့် မြန်မာပြည်သူလူထုကို အကျိုးပြုခဲ့သည်။

စာပေဗိမာန်၏ မူလအစ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ထူထောင်ရာတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝရေးအတွက် အင်္ဂလိပ်ဘာသာ သို့မဟုတ် အခြားနိုင်ငံခြားဘာသာတစ်ခုခုဖြင့် ပုံနှိပ်ထုတ်ဝေထားသည့် စာအုပ်စာတမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုရန်နှင့် မြန်မာဘာသာ သို့မဟုတ် မြန်မာတိုင်းရင်းသားဘာသာတစ်ခုခုဖြင့် ပြုစုရေးသားထားသည့် စံချိန်မီစာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာများသို့ ပြန်ဆိုရန် သို့မဟုတ် ပြန်ဆိုခြင်းကို ကူညီအားပေးရန်ဟူသော နိုင်ငံတကာစာပေနှင့် မြန်မာစာပေတို့အကြား အပြန်အလှန် ဘာသာပြန်ပေါင်းကူးဆက်သွယ်ခြင်းအားဖြင့် မိမိနိုင်ငံသူ နိုင်ငံသားများ ဉာဏ်ပညာအဆင့်မြင့်မားလာရေးနှင့် မြန်မာစာပေကို ကမ္ဘာ့စာပေနယ်ပယ်သို့ ရောက်ရှိနိုင်ရေး ရည်မှန်းချက်များကို မျက်ခြည်မပြတ် အဆင့်မြင့်သည်ထက်မြင့်အောင် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကာလတွင် စစ်မြေပြင်ဖြစ်ခဲ့ရပြီး ပြာပုံဘဝသို့ ရောက်ခဲ့ရသည့် နိုင်ငံကို ပြန်လည်ထူထောင်ရာတွင် အခြေခံအဆောက်အအုံ ရုပ်ဝတ္ထုများကိုသာမက နိုင်ငံသူ နိုင်ငံသားတို့၏ ဉာဏ်ပညာဗဟုသုတကို ကမ္ဘာ့စံချိန်မီ တိုးပွားနိုင်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြီးမားသည့် ဉာဏ်အမြော်အမြင်မှ ပေါ်ထွန်းလာခဲ့သည့် စာပေဗိမာန်သည် အစကောင်းခဲ့သလို သမိုင်းကြောင်းမှာလည်း ထွန်းပြောင်ခဲ့သည်။ ၇၅ နှစ် စိန်ရတုသက်တမ်းမှသည် အနာဂတ်ကာလ နှစ်ပေါင်းများစွာ အခွန့်ရှည်တည်တံ့ကာ နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးစီးပွားကို မြင့်သည်ထက်မြင့်မားအောင် ထမ်းဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## နေပြည်တော် နည်းပညာတက္ကသိုလ်ကို (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်

### ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်သူများအတွက် နေပြည်တော်နည်းပညာတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

နိုင်ငံတော်၏ လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် နိုင်ငံအကျိုးပြု အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာပညာရှင်များ လေ့ကျင့်မွေးထုတ်နိုင်ရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်တွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အောက်ဖော်ပြပါ ဘွဲ့သင်တန်းများအား သင်ကြားပို့ချသွားမည်ဖြစ်သည်-

(၁) မြို့ပြအင်ဂျင်နီယာ
(၂) အီလက်ထရွန်းနစ်အင်ဂျင်နီယာ
(၃) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(၄) စက်မှုအင်ဂျင်နီယာ
(၅) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက် နည်းပညာ
(၆) ဗိသုကာ

အဆိုပါ ဘွဲ့သင်တန်းများအား ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်သူများမှ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ (၄)ဘာသာ ရမှတ် (အများ/အနည်း)ပေါ်မူတည်၍ ရွေးချယ်တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကျောင်းသားရေးရာဌာန၊ ၀၆၇-၃၄၀၄၅၇၀၊ ၀၆၇-၃၄၀၄၆၅၂၊ ၀၆၇-၃၄၀၄၆၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

## မင်းလှမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအသိပညာပေးဟောပြော

**မင်းလှ ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သရက်တပင်အုပ်စု သရက်တပင် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများကို မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမော်က အမှာစကားပြောကြား၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်နှင့် မြို့မ ရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင်က မူခင်းကျဆင်းရေး အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ တပ်ဖွဲ့စိတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ သာယာဝတီခရိုင်ရုံးမှ ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခြင်းမခံရအောင် သတိပြုရမည့်အချက်များ၊ လူကုန်ကူးမှုကျူးလွန်ပါက ပြစ်ဒဏ်ကျခံရမည့်အချက်များ စသည်တို့ကို (Power Point) ဖြင့် ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါဟောပြောပွဲကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွေးကောက်ပွဲကျင်းပသည့်အခါ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့်တာဝန်များကိုသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် ( ၅ / ၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေး ( ရွာတော် ) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက သင်တန်းသားများအနေဖြင့် ကော်မရှင်၊ ရွေးကောက်ပွဲတို့နှင့်ပတ်သက်ပြီး သိရှိထားရန်လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုသည်မှာ ရွေးကောက်ပွဲများကို တာဝန်ယူကြီးကြပ်ကျင်းပပေးရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆောင်ရွက်ရမည့် တာဝန်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေတွင် ပြဋ္ဌာန်းထားပြီး အဓိကအားဖြင့် တာဝန် (၃) မျိုးတွေ့ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများကို ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးရန်နှင့် ရွေးကောက်ပွဲကန့်ကွက်လွှာများကို ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးရန်တို့ဖြစ်ကြောင်း၊ အဓိကအချက်မှာ ရွေးကောက်ပွဲကိုအောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွှတ်တော်ဖွဲ့စည်းမှုအနေနှင့် လွှတ်တော် (၃) ရပ်ရှိကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီး လွှတ်တော်တစ်ရပ်ချင်းအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားကြောင်း၊ ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုရာတွင်လည်း နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ဟူ၍ရှိကြောင်း၊ နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြစ်ကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲဟူ၍ ရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်များ သက်တမ်းတစ်ခုကုန်ဆုံးချိန်တွင် နောက်လွှတ်တော်များဖွဲ့စည်းနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်အတွက် ကျင်းပပေးသော ရွေးကောက်ပွဲဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာတွင် အစားထိုးတာဝန်ပေးနိုင်ရန်အတွက် ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပရာတွင် ကာလအားဖြင့် အပိုင်း ၃ ပိုင်းတွေ့ရှိမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်ခင် (အကြို) ကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန် (နှောင်းပိုင်း) ကာလတို့ ဖြစ်ကြောင်း၊ ကာလအပိုင်းအခြားတစ်ခုတိုင်းတွင် လုပ်ငန်းစဉ်များစွာရှိပြီး ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြား စက်ဝန်းတစ်ခုကဲ့သို့ စဉ်ဆက်မပြတ် ဆောင်ရွက်ရကြောင်း၊ သင်တန်းတွင် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်နိုင်ရန် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ဒုတိယဦးစီးမှူးဆိုသည်မှာ ဦးစီးအရာရှိများအား အဓိကအထောက်အကူပြုရသောသူများဖြစ်သည့်အတွက် ကိုယ်တိုင်သိရှိကျွမ်းကျင်မှသာ အပြည့်အဝ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲများနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့်အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ကော်မရှင်၏လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များသည် ချွတ်ချော်မှုများဖြစ်ခဲ့ပါက ကော်မရှင်၏သိက္ခာ၊ နိုင်ငံ၏သိက္ခာကို ထိခိုက်မှာဖြစ်ကြောင်း၊ ချွတ်ချော်မှားယွင်းမှုမရှိစေရန် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်အခါ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့်တာဝန်များကိုသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အလေးအနက်ထား လေ့လာသင်ယူကြရန် မှာကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ '

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ရိုးရာယဉ်ကျေးမှုကို ထင်ဟတ်ပေါ်လွင်အောင် အကောင်းဆုံး တင်ဆက်ပြသမှုတွင် တတိယဆု၊ Folk National Instrument တတိယဆု၊ ရိုးရာယဉ်ကျေးမှုပြခန်း တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးခြယ်မှု (People's Choice Award) တွင်လည်း ပထမဆုကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။



မြန်မာ့တပ်မတော်ကိုယ်စားပြုရိုးရာယဉ်ကျေးမှု အဖွဲ့များအနေဖြင့် International Army Games ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲကို ၂၀၁၈ ခုနှစ်ကတည်းက နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် စုံတွဲအက အကောင်းဆုံးဆု၊ စုံတွဲအတီး အကောင်းဆုံးဆု၊ ရိုးရာဝတ်စုံ အကောင်းဆုံးဆုများကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အဆို၊ အက၊ အတီး အကောင်းဆုံးဆုများကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အက တတိယ အကောင်းဆုံးဆု၊ ရှုရှားသီချင်း သီဆိုဖျော်ဖြေမှု အကောင်းဆုံးဆုကို လည်းကောင်း၊ ၂၀၂၁တွင် ရှုရှားသီချင်းဖြင့် တစ်ဦးချင်းဖျော်ဖြေတင်ဆက်မှုတွင် တတိယဆု၊ အကောင်းဆုံး ရိုးရာဝတ်စုံဖြင့် တင်ဆက်ပြသမှုတွင် ပထမဆုနှင့် People's Choice Award တွင် ဒုတိယဆုများကို လည်းကောင်း အသီးသီးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော် ယဉ်ကျေးမှု တပ်ဖွဲ့ဝင်များအနေဖြင့် Army of Culture ပြိုင်ပွဲတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ သီချင်းများ၊ အက၊ အလှများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုအက၊ အလှတို့ကို ကမ္ဘာကသိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့ရှိ ပြည်သူ့အငှားအိမ်ရာတိုက်ခန်းများကို လျှောက်ထားနိုင်

**ကန့်ဘလူ ဩဂုတ် ၂၅**

ပြည်သူများနေထိုင်ရေး အဆင်ပြေစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် ပြည်သူ့အငှားအိမ်ရာ ၁၂ ခန်းတွဲ လေးထပ် အခန်းပေါင်း ၄၈ ခန်းကို ယခုအခါ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ တိုက်ခန်းများကို လျှောက်ထားရာတွင် လျှောက်ထားသူသည် ဝင်ငွေနည်းပြည်သူများ၊ လုပ်သက် ၂၅ နှစ်အထက် အခြေချနိုင်ငံ့ဝန်ထမ်းများ၊ အခြေချ အငြိမ်းစားဝန်ထမ်းများ လျှောက်ထားနိုင်သည်။ လျှောက်ထားသူသည် ကန့်ဘလူမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ပြီး အိမ်ထောင်စု စာရင်းပုံစံ ၆၆ /၆ တွင် ပါဝင်သူဖြစ်ရမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဦးစီးအရာရှိ (မြို့ပြ) ရုံး လမ်းဦးစီးဌာနတို့၌ ထုတ်ယူနိုင်ကာ စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ရုံးချိန်အတွင်း အဆိုပါဌာနတို့တွင် လျှောက်လွှာများ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

■ *ရှေ့ဖုံးမှ*

တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမှုများဖြစ်ရန် ARSA အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ARSA ၏အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ထွက်ခွာခဲ့သည့်ဦးရေ ဖော်ပြရာတွင်လည်း မမှန်မကန်ချဲ့ကားမှုများရှိသည်။ မြန်မာအစိုးရအနေဖြင့် ထွက်ခွာခဲ့သူများကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စနစ်တကျ စိစစ်လက်ခံရေးကို နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာအစိုးရနှင့် ပြည်သူများသည် "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကိုမူ အသိအမှတ် မပြု၊ လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင်မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိပါ။ ယင်းအမည်သုံးစွဲသူများသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြောင်း တွေ့ရသည်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စနစ်တကျစစ်ဆေးပြီး ကိုက်ညီသူများကို သင့်လျော်သည့် နိုင်ငံသားအဆင့်အတန်းအား လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှုမရှိဘဲ ပေးအပ်နေသည်။

၂၅-၈-၂၀၁၇ ဖြစ်ရပ်များနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့ ARSA ၏လုပ်ရပ်ကို ဖုံးကွယ်ခြင်း၊ ရခိုင်ပြည်နယ်ရှိတိုင်းရင်းသားများ၏ အရေးကိစ္စကို လျစ်လျူရှုခြင်း၊ မြန်မာအစိုးရ၏ အပြုသဘော ဆောင်ရွက်ချက်များကို အလေးမထားခြင်း၊ ဖိအားပေးဆက်ဆံရန် ရည်ရွယ်ချက်ဖြင့် မှန်ကန်မှုမရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်များသည် ဖြစ်ရပ်မှန်ကို အခြေခံခြင်းမရှိဘဲ ပြည်တွင်းရေးကို စွက်ဖက်ရာ ရောက်သည့်အတွက် ပြင်းထန်စွာ ပယ်ချ၍ ရှုတ်ချလိုက်ကြောင်း ကြေညာအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။



### ရှင်းလင်းတင်ပြ

တတိယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး (၉) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား-၂) ကို ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ သဘောထားစုစည်းချက်များရယူပြီး တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ရပ်နားခဲ့သည်။ စတုတ္ထနေ့ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက မွန်ပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိသံဃာတော်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့်ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ ၊ ဆား နှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြား ဘာသာရေးကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) မှတ်တမ်းနှင့် ဆောင်ရွက်ချက်များ ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ လစဉ် ပုံမှန်အစည်းအဝေးနှင့် ဆောင်ရွက်ချက်များ ရှင်းလင်းခြင်းကို ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်ခိုင်က အမှတ်စဉ်(၃/၂၀၂၂) အစည်းအဝေး မှတ်တမ်းနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ ဗဟိုစာရင်းစစ် ဦးတင်ထွဋ်က လစဉ်ဝင်ငွေ/ ထွက်ငွေစာရင်းတင်ပြ၍ ဗဟိုဥက္ကဋ္ဌ ဦးသိန်းကြည် ရဲမှူးကြီး (ငြိမ်း)က တံလျှပ်ဂျာနယ်ကိစ္စ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော အလုပ်အမှုဆောင်ကော်မတီဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၅**

ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားရသော ပြည်တွင်းခရီးသွား လုပ်ငန်းများ ပြန်လည်လုပ်ကိုင် လည်ပတ်လာနိုင်စေရန်အတွက် သတ္တမအကြိမ်မြောက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြပွဲကို စက်တင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် နိုင်ငံအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြပွဲများကို ပြုလုပ်ခဲ့ရာ ကိုဗစ်ကာလမတိုင်မီက ခြောက်ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီး လာမည့်စက်တင်ဘာလတွင် သတ္တမအကြိမ်မြောက် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲကို ကျင်းပရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပုံမှန်အားဖြင့် မြန်မာနိုင်ငံတွင် ခရီးသွား ပွင့်လင်းရာသီသည် အောက်တိုဘာတွင် စတင်သည့်အတွက် ခရီးသွားလုပ်ငန်း ကုမ္ပဏီများက စက်တင်ဘာမှ စတင်ကာ ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို ပြသရောင်းချလေ့ရှိကြောင်း၊ ယခုကဲ့သို့ ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ ကျင်းပပြီး ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို တစ်စုတစ်ဝေးတည်း ပြသရောင်းချခြင်းဖြင့် ခရီးသွားပြည်သူများအနေဖြင့် ခရီးစဉ်များကို ရွေးချယ်ဝယ်ယူရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါ သတ္တမကြိမ်မြောက် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ LOTTE HOTEL ၌ ကျင်းပရန် စီစဉ်ထားပြီး မည်သူမဆို ဝင်ရောက်လေ့လာနိုင်ကြောင်း၊ ထိုပြပွဲတွင် ခရီးသွားပြည်သူများက မိမိတို့ သွားရောက်လိုသော ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကို လာရောက်လေ့လာကာ ဝယ်ယူနိုင်မည့်အပြင် အထူးအစီအစဉ်အနေဖြင့် ဈေးနှုန်းလျှော့ရောင်းသော ခရီးစဉ်များကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးသွားလုပ်ငန်းဆိုင်ရာ ပြပွဲကို ကိုဗစ်-၁၉ နှင့်အတူယှဉ်တွဲနေထိုင်၍ ခရီးသွားလိုအား ပြန်လည်တိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ခရီးသွားကုမ္ပဏီများက ၎င်းတို့၏ ခရီးစဉ်များကို ပြသရောင်းချသွားမည်ဟုဆိုသည်။ ခရီးသွားမည့်သူများအနေဖြင့် ခရီးသွားပြပွဲသို့ လာရောက်ခြင်းဖြင့် မည်သည့်နိုင်ငံသို့ ခရီးသွားနိုင်ပြီဟူသော သတင်းအချက်အလက်များ၊ ဗီဇာဆိုင်ရာ သတင်းအချက်အလက်များ၊ အခြား ကန့်သတ်ချက်နှင့်ဆိုင်သော သတင်းအချက်အလက်များကို သိရှိနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာလေကြောင်းလိုင်းများနှင့် ခရီးသွားကုမ္ပဏီများကလည်း ယင်းခရီးသွားပြပွဲအတွင်း လေယာဉ်လက်မှတ်နှင့် ခရီးစဉ်များကို အထူးဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# “လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ်အရ ကျင်းပသည့်ဆွေးနွေးပွဲအမှတ်စဉ် (၂၀) ကို “လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း” ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ဓာတ်ပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းသည် စစ်ဆေးရမည့်ဌာနအဖွဲ့အစည်း၏ အရေးကြီးသောလုပ်ငန်းဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာများနှင့် သတင်းအချက်အလက်များသည် ဌာန၊ အဖွဲ့အစည်းမှ လိုက်နာရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာမှု ရှိ၊ မရှိကို စစ်ဆေးခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့သည့်စစ်ဆေးရေးအဖွဲ့မှစစ်ဆေးရေးလုပ်ငန်းစဉ်များ၊ စစ်ဆေးတွေ့ရှိချက်များနှင့် အတွေ့အကြုံ၊ ဗဟုသုတများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်ကိုးကားအသုံးပြုနိုင်ရန် အလေးအနက်ထား ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးခိုင်က လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ သီအိုရီပိုင်းနှင့် စစ်ဆေးတွေ့ရှိချက်အပိုင်းတို့ကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးမေးမြန်း အကြံပြုကြသည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လေထုအရည်အသွေး တိုင်းတာခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် “နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ပတ်သက်၍ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာ စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာ စီမံကိန်း” ၏ “လေထုအရည်အသွေး တိုင်းတာခြင်းဆိုင်ရာ သင်တန်း” ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးထွန်းအုံ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ်များ၊ Myanmar Environmental Innovation Foundation မှ ကျွမ်းကျင်ပညာရှင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် “နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ပတ်သက်၍ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာ စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာစီမံကိန်း” ၏ စီမံကိန်းလုပ်ငန်းတစ်ခုအနေဖြင့် ကျင်းပသည့် သင်တန်းဖြစ်သည်။



အဆိုပါ သင်တန်းတွင် လေထုအရည်အသွေး တိုင်းတာခြင်းနှင့် လေထုအရည်အသွေး အချက်အလက်များအား လေ့လာဆန်းစစ်ခြင်းဆိုင်ရာ နည်းစနစ်များကို သင်ကြားပြသခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေမှု အခြေအနေများ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီး သုတေသန ပြုလုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းသင်ကြားပြီး သင်တန်းကို ယနေ့မှ ဩဂုတ် ၂၉ ရက်အထိ နေပြည်တော်ရှိ Grand Amara Hotel အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ဟိုပုံး ဩဂုတ် ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဩဂုတ် ၂၄ ရက်က နောင်တောင်းပရဟိတတပ်ဦးကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ကော်မတီအတွင်းရေးမှူး ပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေးက အမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိသော သင်တန်းသူ သုံးဦးအား ဆုများနှင့် သင်တန်းသူ ၂၀ အား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ သင်တန်းသူ ၂၀ အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ရှမ်းပြည်နယ်အတွင်း ကျောင်းပြင်ပရောက်ရှိနေသော အသက် ၁၆ နှစ်မှ အသက် ၁၈ နှစ်ကြား လူငယ်များအား မိသားစုများအတွက် သင့်တော်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၄ ရက်အထိ တစ်လတာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

**ပအိုဝ်းဒေသ**

**(မြန်/ဆက်)**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeoffice@gmail.com |

# ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစ

မင်းခေါင်

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့၏ ဩဂုတ်လ ၁၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဩဂုတ် ၁၉ ရက်တွင် အပြည့်အစုံအကျယ်တဝင့် ဖော်ပြခဲ့ပါသည်။**

**ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်နှင့် တန်းတူညီမျှ ဆက်ဆံရေးတို့နှင့် ပတ်သက်၍ တိကျစွာပြဋ္ဌာန်းထားသော်လည်း လက်ရှိ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ကြီး၏ သဘောထားနှင့် ရပ်တည်ချက်သည် ဘက်လိုက်မှု ကင်းကင်းနှင့် သမာသမတ် ရှိပါလေစဟု ဆိုရမည်ဖြစ်သည်**

### အကျယ်တဝင့် သတင်းထုတ်ပြန်

သာမန်အားဖြင့် အထူးကိုယ်စားလှယ်အပါအဝင် နိုင်ငံတကာမှ ကမ္ဘာ့ခေါင်းဆောင်များနှင့် နိုင်ငံ့ခေါင်းဆောင်များ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ထိုသို့ အပြည့်အစုံအကျယ်တဝင့် သတင်းထုတ်ပြန်ဖော်ပြလေ့မရှိပါ။ အထူးကိုယ်စားလှယ်နှင့် ယခုတွေ့ဆုံဆွေးနွေးခဲ့မှုများကိုမူ အဘယ်ကြောင့် အပြည့်အစုံ အကျယ်တဝင့် ဖော်ပြခဲ့ရပါသနည်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ယခုလ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အပြုသဘောမဆောင်သော ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂတာဝန်ရှိသူများအနေဖြင့် ၎င်းတို့မှ အများပြည်သူသို့ထုတ်ပြန်ချက်များတွင် အစိုးရ၏ တုံ့ပြန်ပြောကြားချက်များကို မျှတစွာထည့်သွင်း ဖော်ပြရန် ကျင့်ဝတ်အရ လိုအပ်သော်လည်း အထူးကိုယ်စားလှယ်၏ ၁၇-၈-၂၀၂၂ ရက်နေ့ ထုတ်ပြန်ချက်သည် ယင်းကိုလိုက်နာခြင်းမရှိကြောင်း တွေ့ရှိရသည်။ ယင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာ အသိုက်အဝန်းက အထင်အမြင်လွဲမှားစေနိုင်ပြီး အများပြည်သူက နားလည်မှုလွဲမှားစေနိုင်သည် စသည်ဖြင့် ထုတ်ပြန်ချက် နိဒါန်းနှင့်နိဂုံးတွင် ဖော်ပြခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

### မေးခွန်းထုတ်စရာဖြစ်ရ

နှစ်ဖက်တွေ့ဆုံဆွေးနွေးခဲ့စဉ်က "အခြေအနေကောင်းများကို ကောင်းစွာထိန်းသိမ်းနိုင်ရန် နှစ်ဦးနှစ်ဖက် အပြန်အလှန် နားလည်ယုံကြည်မှုများ လိုအပ်မည် ဖြစ်ပါသည်။ ပထမတင်ပြလိုသည့် အချက်မှာ အဆွေတော်နှင့် မိမိတို့အကြား အမြဲမပြတ် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ တိုးတက်မှုများရရှိအောင်ဆောင်ရွက်သွားရန် အဆိုပြုပြောကြားလိုပါသည်"ဟူသည့် အထူးကိုယ်စားလှယ်၏ အမှန်တကယ်ဆွေးနွေးခဲ့မှုများအစား များစွာကွဲလွဲစွာထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်ကြောင့် မေးခွန်းထုတ်စရာ ဖြစ်ရသည်။ ထို့အတူ ကမ္ဘာ့မိသားစုဝင် ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် ကုလသမဂ္ဂ၏ သမာသမတ်ကျမှုအပေါ် ထပ်ဆင့်မေးခွန်းထုတ်စရာဖြစ်ရသည်။

### ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ

ကုလသမဂ္ဂအဖွဲ့ကြီးကို စစ်ပွဲများတားဆီးရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး တည်တံ့စေရန် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၁ နိုင်ငံ၏ သဘောတူညီချက်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး လပိုင်းအတွင်း ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်တွင် ကုလသမဂ္ဂသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ယခုတိုင် ကျင့်သုံးလိုက်နာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အတိတ်က ကိုရီးယား၊ ဟန်ဂေရီ၊ အီဂျစ်စသည့် ကမ္ဘာ့အရေးအခင်းများတွင် ကျူးကျော်သူနိုင်ငံများကို ဘက်မလိုက်ဘဲ ပြစ်တင်ရှုတ်ချခဲ့ဖူးသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံသားများ ပါဝင်ခွင့်မရရှိစေရန် အမေရိကန်ဘက်က ကြိုးပမ်းခဲ့လေသည်။ ၁၉၅၆ ခုနှစ်က ကိုလိုနီလွတ်မြောက်ရေးဆိုင်ရာကောင်စီတွင် မြန်မာ ပါဝင်ခွင့်ရရှိနိုင်ရန် ထိုစဉ်က အမေရိကန်၏ နောက်လိုက် လိုက်ဘေးရီးယားနိုင်ငံနှင့်အပြိုင် အကြိမ်ကြိမ် မဲခွဲခဲ့ရဖူးသည်။

သို့ရာတွင် ထိုစဉ်က ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်သည့် မြန်မာအစိုးရ၏ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒ ဆောင်ရွက်ချက်များနှင့် မြန်မာသံတမန်ရေးရာပုဂ္ဂိုလ်များ၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ဖဆပလခေတ်တွင် မြန်မာနိုင်ငံသားများ ကုလသမဂ္ဂ၌ အဆင့်မြင့်ရာထူးကြီးများကို ထမ်းဆောင်ခွင့်ရရှိခဲ့ကြသည်။ ယင်းတို့အနက် မြန်မာနိုင်ငံသား ဦးသန့်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆယ်စုနှစ်တစ်ခုတိုင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ တာဝန်ထမ်းဆောင်စဉ်အတွင်း အမေရိကန်နှင့်ဆိုဗီယက်ပြည်ထောင်စုတို့ အင်အားကြီး နှစ်နိုင်ငံအကြား တတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလုမတတ် ထိပ်တိုက်ရင်ဆိုင်ခဲ့သော ကျူးဘားပဋိပက္ခအပါအဝင် အီရီယန်အရေး၊ အယ်ဂျီးရီးယားအရေးတို့ကို ပြေလည်အောင် စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။ ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာသည်လည်း ကမ္ဘာတစ်ခွင်မြင့်မားခဲ့သည်။

### အမေရိကန်အပါအဝင် နိုင်ငံကြီးများ၏ လွှမ်းမိုးချုပ်ကိုင်အသုံးချမှု

ထိုကဲ့သို့ သမိုင်းအစဉ်အလာနှင့် ရည်ရွယ်ချက်မြင့်မားခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် စစ်အေးခေတ်လွန် အာဖဂန်နစ္စတန်စစ်ပွဲ၊ အီရတ်စစ်ပွဲတို့မှအစပြု၍ အမေရိကန်အပါအဝင် နိုင်ငံကြီးများ၏လွှမ်းမိုးချုပ်ကိုင်အသုံးချမှုကြောင့် သမာသမတ်ရှိပါစဟု မေးခွန်းထုတ်စရာဖြစ်လာခဲ့ရသည်။

အီရန်သမ္မတ အာမာဒီနီဂျက်က (၆၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် "အင်အားကြီးနိုင်ငံများက နိုင်ငံငယ်အချို့ကို ဒီမိုကရေစီတို့၊ လူ့အခွင့်ရေးတို့လို့ဆိုပေမယ့် အစွဲရေးကို မျက်ကွယ်ပြုထားတယ်"ဟု ဆိုခဲ့သည်။ အာရပ်နိုင်ငံများကမူ ကိုဖီအာနန်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟုမခေါ်ဘဲ အမေရိကရဲ့ အတွင်းရေးမှူးချုပ်ဟု သုံးနှုန်းတိုက်ခိုက်ခဲ့ပြီး ဂျော်ဒန်မြစ်အနောက်ဘက်ကမ်း နေရာအနှံ့အပြား၌ ကိုဖီအာနန်၏ မျက်စိတစ်ဖက်တွင် အမေရိကန်အလံနှင့် ကျန်တစ်ဖက်တွင် အစ္စရေးအလံကို အစားထိုးပုံဖော်ထားသည့် ပိုစတာများကပ်ခဲ့ကြသည်။

### ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်ရှိအခန်းကဏ္ဍနှင့် ရပ်တည်မှု

အီရတ်စစ်ပွဲကာလတွင်မူ ငြိမ်းချမ်းရေးကိုလိုလားသော ကမ္ဘာ့နိုင်ငံများသာမက အမေရိကန်၏ မဟာမိတ် အင်အားကြီးနိုင်ငံများကပါ ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်ရှိအခန်းကဏ္ဍနှင့်ရပ်တည်မှုအပေါ် အပြင်းအထန်ဝေဖန်မေးခွန်းထုတ်လာခဲ့ကြသည်။

နယူးစ်ဝိခ်မဂ္ဂဇင်းက "ကုလသမဂ္ဂကြီးဟာ ဖောင်းပွပြီး ဘာမှအလုပ်ဖြစ်အောင် မလုပ်နိုင်ဘူး" ဟု ဝေဖန်ရေးသားသည်။ လန်ဒန်ထုတ် ဂါးဒီးယန်းသတင်းစာကြီးက အီရတ်ကိစ္စတွင် အမေရိကန်က လုပ်ချင်ရာလုပ်ပြီး ဘေးကျပ်နံကျပ်၊ ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည့်အခါမှ ကုလသမဂ္ဂက တာဝန်ယူရန် လူရာသွင်းလာခဲ့မှုအပေါ် "ကုလသမဂ္ဂဟာ မအောင်မြင်တဲ့ အမေရိကန်စွန့်စားခန်းတွေအတွက် အမှိုက်ပုံကြီးတစ်ခုအဖြစ် အသုံးချတာမခံသင့်ဘူး" ဟု ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားခဲ့သည်။

အမှန်တကယ်အားဖြင့်လည်း အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သဘောတူအတည်ပြုချက်မရဘဲ အီရတ်ကို ဝင်တိုက်ခဲ့ကြသည်။ စစ်ပြီးခေတ် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရန်အတွက်လည်း ကုလသမဂ္ဂက ဦးစီးဦးဆောင်လုပ်စရာမလိုဘူးဟူ၍ ဘေးဖယ်ထားပြီး လူလူချင်းစာနာထောက်ထားရေး အကူအညီကိစ္စများမှသာ ကုလသမဂ္ဂအခန်းကဏ္ဍကို သုံးမည်ဟု ဆိုကြသည်။ ထို့အပြင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်ရာတွင်လည်း ကုလသမဂ္ဂသည် အမေရိကန်၏တောင်းဆိုချက်အရ ရွေးချယ်စေလွှတ်ပေးခဲ့ရသည်။

ထို့ကြောင့် (၅၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် အီရတ် ပြဿနာနှင့်ပတ်သက်၍ ပွက်လောရိုက်ခဲ့လေသည်။ ကမ္ဘာ့နိုင်ငံအများစုက ကမ္ဘာ့အဖွဲ့အစည်းကြီး ပျက်စီးမသွားစေရေးနှင့်ပတ်သက်၍ "ကုလသမဂ္ဂကြီး အားကောင်းဖို့နှင့် ကုလသမဂ္ဂကို ဘေးချိတ်ပြီး လုပ်ချင်ရာမလုပ်ကြဖို့"၊ "ကုလသမဂ္ဂကြီးဟာ အင်အားနည်းတဲ့နိုင်ငံတွေရဲ့ ရှေ့က မားမားမတ်မတ်ရပ်ပေးတဲ့ လူရိုသေရှင်ရိုသေ အဖွဲ့ကြီးဖြစ်ဖို့"၊ "ပြုပြင်ပြောင်းလဲရေးတွေကို ထိထိရောက်ရောက်လုပ်ပြီး ခိုင်မာတောင့်တင်းတဲ့အဖွဲ့အစည်းကြီးဖြစ်အောင် လုပ်ကြဖို့" စသည်ဖြင့် စေတနာရှေ့ထားဆွေးနွေးခဲ့ကြသည်။

ပြင်သစ်သမ္မတ ဂျက်ရှီရက်က ကုလသမဂ္ဂအခန်းကဏ္ဍမြင့်တင်ရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ တိုးချဲ့ရန် အကြံပြုခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က "ကုလသမဂ္ဂရဲ့ အခွင့်အာဏာမပါရှိဘဲ တစ်ဖက်သတ်လက်ဦးမှုရယူပြီး စစ်တိုက်တာဟာ ကမ္ဘာကြီးကို ကြီးနိုင်ငယ်ညှဉ်းတောတွင်းဥပဒေဆီသို့ ပြန်လည်ပို့ဆောင်ရာရောက်ကြောင်း" အမေရိကန်၏လုပ်ရပ်အပေါ် ထူးထူးခြားခြား ဝေဖန်ပြောကြားခဲ့လေသည်။

### ကုလသမဂ္ဂပဋိညာဉ်

ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်နှင့် တန်းတူညီမျှ ဆက်ဆံရေးတို့နှင့်ပတ်သက်၍ တိကျစွာပြဋ္ဌာန်းထားသော်လည်း လက်ရှိ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ကြီး၏ သဘောထားနှင့်ရပ်တည်ချက်သည် ဘက်လိုက်မှုကင်းကင်းနှင့် သမာသမတ်ရှိပါလေစဟု ဆိုရမည်ဖြစ်သည်။ *စာမျက်နှာ ၇ သို့*

**လက်ရှိကာလတွင်လည်း မြန်မာ့နိုင်ငံရေး အပြောင်းအလဲနှင့်ပတ်သက်၍ ကုလသမဂ္ဂသည် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့၏ အလိုကျ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ခွဲခြားဆက်ဆံခဲ့ပါသည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခက်အခဲများစွာဖြစ်ပေါ်ခဲ့ရာ အခြားနိုင်ငံများနည်းတူ ကုလသမဂ္ဂစသည့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မျှော်လင့်ခဲ့ပါသော်လည်း "ကျန်ရစ်သူ မရှိစေရ (Leave No One Behind)" ဟူသည့် ကုလသမဂ္ဂ၏ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပင်လျှင် လွန်စွာဝမ်းနည်းစရာကောင်းလောက်အောင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှ ပေးအပ်ခဲ့ခြင်းမရှိခဲ့ချေ**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ် ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၁၆) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး (16th ASEAN Navy Chiefs' Meeting–16th ANCM) သို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



(၁၆)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (16th ASEAN Navy Chiefs' Meeting–16th ANCM) ကျင်းပစဉ်။

အဆိုပါ ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၆) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး တက်ရောက်ခြင်းနှင့် အာဆီယံရေတပ်ဦးစီးချုပ်များ နှစ်နိုင်ငံရေတပ် တွေ့ဆုံခြင်း (Bilateral Call) များ ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံ ရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုနိုင်ငံမှ ဒုတိယကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရေတပ်ဦးစီးချုပ်များ အစည်းအဝေးတွင် သဘာပတိဖြစ်သူ အင်ဒိုနီးရှားနိုင်ငံရေတပ်ဦးစီးချုပ် Admiral Yudo Margono က (၁၆) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေး ဖွင့်လှစ်ပေးသည်။ ယင်းနောက် ယခင်နှစ် (၁၅) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး မှတ်တမ်းကို အတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲ အတွင်းဝန်က ဒေသတွင်း ပင်လယ်ရေကြောင်း လုံခြုံရေးအခြေအနေများကို အကျဉ်းချုပ် တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံ ရေတပ်ဦးစီးချုပ်များက "The Roles of ASEAN Navies in Add–ressing Maritime Challenges'' (ပင်လယ်ရေကြောင်း စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာဆီယံရေတပ်များ၏ အခန်းကဏ္ဍ) ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ဒေသတွင်း ပင်လယ်ရေကြောင်း စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းခြင်းဖြင့် လုံခြုံစိတ်ချတည်ငြိမ်သော ရေကြောင်းနယ်ပယ် တည်ဆောက်နိုင်မှုများ၊ တပ်မတော်(ရေ)၏ စွမ်းဆောင်ရည်မြှင့်တင်မှုကို လေ့ကျင့်ရေးဖြင့် ဦးတည်ဆောင်ရွက်နေမှုများ၊ အာဆီယံရေတပ်များ ကျင့်သုံးရမည့် Team Work ၏ အရေးပါမှုကို ဆွေးနွေးခဲ့ပြီး အာဆီယံ ရေတပ်ဦးစီးချုပ်များက ရေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားကြရန်နှင့် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာများကို ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက်အာဆီယံရေတပ်လေ့ကျင့်ရေးဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေး အစီအစဉ်အတွက် ဆွေးနွေးမှုများကို ဆောင်ရွက်ကြပြီး ၂၀၂၃ ခုနှစ်အတွင်း ပြုလုပ်မည့် ရေတပ်ဆိုင်ရာ ပူးပေါင်း လေ့ကျင့်ခန်းများ၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ကာကွယ်ရေးပစ္စည်းပြပွဲနှင့် ရေတပ်အချင်းချင်း တွေ့ဆုံဆွေးနွေးရေး အစီအစဉ်များနှင့် ပတ်သက်၍ ဖိတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သဘာပတိ အင်ဒိုနီးရှား ရေတပ်ဦးစီးချုပ်မှ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေး အပြီးတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) သည် အင်ဒိုနီးရှားရေတပ်ဦးစီးချုပ်၊ ဗီယက်နမ်ရေတပ်ဦးစီးချုပ်၊ ထိုင်းရေတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယား ရေတပ်ဦးစီးချုပ်နှင့် လာအိုကြည်းတပ်ဒုတိယဦးစီးချုပ်တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် ကောင်းမွန်သောသမိုင်းကြောင်း ရေစက်ရှိခဲ့ရုံမက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လက်ရှိအချိန်အထိ ကုလသမဂ္ဂပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမရှိခဲ့ပါ။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကုလသမဂ္ဂ၏အရိပ်အာဝါသကြောင့် အေးမြသည့်အရသာကို လိုလားတောင့်တသောနိုင်ငံများ ဖြစ်ပါသည်။

သို့ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် အတိတ်ကလည်း မြန်မာနိုင်ငံသို့ ကူမင်တန် တရုတ်ဖြူတပ်များကျူးကျော်မှုအရေးကိစ္စတွင် နိုင်ငံကြီးအချို့၏ အလိုကျကြိုးဆွဲရာ ကခဲ့ပါသည်။ တရုတ်ဖြူတပ်များ ဆုတ်ခွာပေးရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အရေးဆိုမှုတွင် ကျူးကျော်သူ ကူမင်တန်တပ်များဟူသည့် စကားရပ်အစား ကူမင်တန်အစိုးရကို ထောက်ခံသူ အမေရိကန်အလိုကျ ပြည်ပတပ်ဟုသာ ပြောင်းလဲအဆိုတင်သွင်းခဲ့ရပါသည်။

**မြန်မာနိုင်ငံအပေါ်**
**တစ်ဖက်သတ် ခွဲခြားဆက်ဆံ**

လက်ရှိကာလတွင်လည်း မြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့်ပတ်သက်၍ ကုလသမဂ္ဂသည် နိုင်ငံကြီးအချို့နှင့် အဖွဲ့အစည်းအချို့၏ အလိုကျ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ခွဲခြားဆက်ဆံခဲ့ပါသည်။ ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အခက်အခဲများစွာဖြစ်ပေါ်ခဲ့ရာ အခြားနိုင်ငံများနည်းတူ ကုလသမဂ္ဂစသည့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မျှော်လင့်ခဲ့ပါသော်လည်း "ကျန်ရစ်သူမရှိစေရ (Leave No One Behind)"ဟူသည့် ကုလသမဂ္ဂ၏ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပင်လျှင် လွန်စွာဝမ်းနည်းစရာကောင်းလောက်အောင် မြန်မာနိုင်ငံကို မည်သည့်အကူအညီမျှပေးအပ်ခဲ့ခြင်းမရှိခဲ့ချေ။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ခရီးစဉ်အတွင်းနှစ်ဖက် ဆွေးနွေးခဲ့စဉ်က "မြန်မာနိုင်ငံဘက်က အမြဲတမ်းထုတ်ဖော်ပြောကြားလေ့ရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟူသောအချက်နှင့်ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်းအသိအမှတ်ပြု လေးစားလျက်ရှိပါသည်" ဟူသည့် ပြောကြားချက်အစား သတင်းထုတ်ပြန်ချက်တွင် "ကုလသမဂ္ဂရဲ့ ထိတွေ့ဆက်ဆံမှုက မည်သည့်နည်းနှင့်မျှ တရားဝင်မှုကို ပေးဆောင်ခြင်းမဟုတ်ပါ" ဟူသည့် ကွဲလွဲစွာဖော်ပြချက်များသည် ကုလသမဂ္ဂ၏ဂုဏ်သိက္ခာယုံကြည်မှုအပေါ် ထိခိုက်စရာဖြစ်ရသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် ချမှတ်ထားသည့် ပဋိညာဉ်နှင့်အညီ ထိတွေ့ဆက်ဆံဆောင်ရွက်မှုကို မျှော်လင့်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသား ဦးသန့်နည်းတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကမ္ဘာ့နိုင်ငံများ၏ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ပုဂ္ဂိုလ်မျိုးဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မျက်မှောက်ကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာ့မိသားစုဝင်နိုင်ငံအများစု၏ ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစ ဟူသည့် မေးခွန်းအစား ကမ္ဘာ့ကုလသမဂ္ဂ သမာသမတ်ရှိပါစေ ဟူ၍သာ မေတ္တာရပ်ခံတောင်းဆိုချင်ပါသည်။ ။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရွှေတောင် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ရွှေတောင်ဈေးကို ကြည့်ရှုစစ်ဆေးပြီး ဈေးရုံများ ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးနှင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းချနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၃၇ သန်းဖြင့် ကြာနီကန်လမ်းဘေးဝဲ/ယာ အုတ်ရေမြောင်းဆောက်လုပ်နေမှု၊ ရွှေတောင်မြို့နယ် တောင်လုံးညိုကျေးရွာ တောင်သူဦးငွေအောင်၏ တိုင်းရင်းကြက်ကောင်ရေ ၁၀၀၀ နှင့် အသားတိုး ကြက်ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



**အမြန်ဆုံးရရှိစေရေးဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇယ်မကျေးရွာအုပ်စု တောင်သူ ဒေါ်တင်မိုးသိန်း၏ မှော်ဘီ၂ မျိုးစေ့ထုတ်စံပြကွက် ၇ ဒသမ ၁၂ ဧက၌ ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး သဘာဝမြေဩဇာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး အသိပညာပေးရန်နှင့် အစိုးရအဖွဲ့က ဖြန့်ဝေပေးမည့် ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ် အမြန်ဆုံးရရှိစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံ ငွေကျပ် ၁၁၂ သန်းဖြင့် ပြည်ကမ်းနားလမ်းနံရံ အမြင့် ၁၅ ပေ၊ အလျား ပေ ၂၀၀ တည်ဆောက်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး နှစ်စဉ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန်နှင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာ လှပစေရေးဆောင်ရွက်ရန် မှာကြားပြီး ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

**နေပြည်တော် ဩဂုတ် ၂၅**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန် ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ (ဓါတ်ပုံ)



ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး စသည့်ရာသီသီးနှံများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်းသင်တန်းဖွင့်လှစ်

**ရွှေတောင် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်း ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး အမှတ် (၂၀) လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့တပ်ဖွဲ့စု(ပြည်) မှ ဒုရဲမှူးတင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမှတ် (၄၁/၂၀၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေကို ဆွေးနွေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ရပ်ကွက်ကျေးရွာအတွင်းနေ ကလေးသူငယ်များအား လူကုန်ကူးမှုကျူးလွန်ခံရမှု မရှိစေရေး၊ အဓမ္မလုပ်အားခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှုမရှိစေရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆိုင်ရာများ ရပ်ရွာအခြေပြုလူကုန်ကူးခံရသူတွင် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ အကူအညီ တောင်းခံခြင်း စသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး အဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း**

**(ပြန် /ဆက်)**

# မြစ်သားမြို့နယ်၌ တောင်သူများအား မိုးနှောင်းချည်မျှင်ရှည်ဝါနှင့် ဆောင်းနေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်

**မြစ်သား ဩဂုတ် ၂၅**

မြစ်သားမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ တောင်သူများအား ၂၀၂၂-၂၀၂၃ ခုနှစ် မိုးနှောင်း ချည်မျှင်ရှည်ဝါနှင့် ဆောင်းနေကြာ မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင် ဦးအောင်သူ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးခိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်မှုအဖွဲ့ အဖွဲ့ဝင် ဦးအောင်သူက တောင်သူလယ်သမားများ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ တစ်စိတ်တစ်ပိုင်းအနေဖြင့် မျိုးကောင်း၊ မျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ပံ့ပိုးရခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများဘက်မှလည်း ယခုပံ့ပိုးပေးသော ချည်မျှင်ရှည်ဝါနှင့် နေကြာ မျိုးကောင်း၊ မျိုးသန့်များကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက မျိုးကောင်း၊ မျိုးသန့် တောင်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးထုတ်လုပ်ရခြင်း ရည်ရွယ်ချက်၊ မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ဆွေးနွေးသည်။

ထို့နောက် နွားကူးကြီး၊ ခင်လယ်၊ လမ်းခွ၊ ထနောင်းကုန်း၊ မြိုင်ကုန်းအုပ်စုများမှ တောင်သူ ၆၀ အား မိုးနှောင်းချည်မျှင်ရှည်ဝါနှင့် ဆောင်းနေကြာ မျိုးစေ့များ ပေးအပ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## မှတ်သား ဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရန်ကုန် (မရမ်းကုန်းမြို့နယ်) တွင် ၀ ဒသမ ၉၁ လက်မ၊ ရန်ကုန် (ဗိုလ်တထောင်မြို့နယ်) တွင် ၀ ဒသမ ၈၃ လက်မ၊ အိမ်မဲမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ရမ်းဗြဲမြို့တွင် ၀ ဒသမ ၆၂ လက်မ၊ မိုးမိတ် (မြစ်ဆုံ) တွင် ၀ ဒသမ ၅၉ လက်မနှင့် သီပေါမြို့တွင် ၀ ဒသမ ၄၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

စာပေဗိမာန် (၇၅) နှစ်မြောက် စိန်ရတုသဘင်ကို ဂုဏ်ပြုလျက်

# ရေကောင်းမြေမှန် စာပေဗိမာန်

မြင်းမူမောင်နိုင်မိုး

**၁၉၆၅ ခုနှစ်ခန့်ကစ၍ ကဗျာကလေးများ ရေးသားခဲ့သော ကျွန်တော်သည် စာပေဗိမာန်ဟူသောအမည်ကို အလွန်ပင်စိတ်ဝင်စားခဲ့ပါသည်။ ကျွန်တော်တို့ ကဗျာရေးခါစက ရွှေသွေးဂျာနယ်သည် မပေါ်ပေါက်သေးပေ။ ရွှေသွေးဂျာနယ်က ၁၉၆၉ ခုနှစ်ခန့်မှ စတင်ပေါ်ပေါက်သည်ထင်ပါ၏။ ရွှေသွေးမှာ ကဗျာရေးချင်သည်။ ရုပ်ပြဇာတ်လမ်းလေးတွေ ရေးချင်သည်။ သို့သော်လည်း ကိုယ်နှင့်ဆက်စပ်မှုမရှိ။ ဘယ်လိုဘယ်ပုံ စာမူပို့ရမည်ကိုလည်းမသိ၊ စာရေးစကာလမှာ စာပေဗိမာန်နှင့်လည်း မနီးစပ်ခဲ့ပါပေ။**

**စာပေဗိမာန်အေးရိပ် မေးမိုတ်ခွင့်ကြုံခဲ့ပြီ**

၁၉၇၃ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ကို (စာရင်းကိုင်စာရင်းစစ် အဓိကဖြင့်) ရရှိခဲ့၏။ ကျွန်တော်တို့ဘွဲ့ရပြီးပြီးချင်း Certified Public's Accountant (လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း) တက်ရောက်ရန် လျှောက်လွှာခေါ်သည်။ ထိုသင်တန်းမှာ မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့်လှစ်ခြင်းဖြစ်ပြီး ဘွဲ့ရသည့်နှစ်တွင် တောက်လျှောက် တစ်ဆက်တည်းတက်မှသာ တက်ခွင့်ပြုသည်။ နှစ်ကာလခြား၍ နောက်မှ တက်ချင်သည်ဆိုပြီး တက်၍မရ။

ကျွန်တော်၏ဘွဲ့ရအမှတ်မှာ C.P.A တက်ရောက်ရန်အဆင့်မီသည်။ ထို့ကြောင့် ကျွန်တော်တက်ခွင့်ရပါသည်။ စုစုပေါင်းသင်တန်းတက်ခွင့်ရသူ ဦးရေ ၁၂၀ ဖြစ်သည်။ ကျွန်တော်တို့သည် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အလုပ်သင်များဖြစ်၍ အစိုးရ ရုံးဌာနများ၏ ငွေစာရင်းဌာနများသို့ သွားရောက်ကာ လက်တွေ့လေ့လာသင်ယူကြရ၏။

ကျွန်တော်ပထမဆုံး အလုပ်သင်အဖြစ် လေ့လာသင်ယူရသောဌာနမှာ စာပေဗိမာန်ငွေစာရင်းဌာနဖြစ်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း သန်းမောင်မောင် (ယခု အမေရိကန်နိုင်ငံတွင် နေထိုင်သူ) နှင့် နှစ်ယောက်အတူ ရုံးတက်ရပါသည်။ ထိုစဉ်က ငွေစာရင်းဌာန၏ အကြီးအကဲမှာ ဒေါ်မြမြ ဖြစ်လေသည်။ ဒေါ်မြမြသည် ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်ကောင်းပြီး အလွန်ပင်ခံ့ညားတည်ကြည်သည်။ ရုံးတက် ရုံးဆင်းတိုင်း သူ့စားပွဲမှာ လက်မှတ်သွား၍ထိုးရသည်။ သန်းမောင်မောင်နှင့် ကျွန်တော်သည် ကျောင်းပြီးခါစဖြစ်သော်လည်း C.P.A သင်တန်း စာတွေ့ကို စီးပွားရေးတက္ကသိုလ်၌ သင်ယူရပြီး လက်တွေ့ကို အစိုးရရုံးများ၌ သင်ယူရခြင်းဖြစ်သည်။ ကျောင်းသားစိတ် မပျောက်သေးသော အသက် ၂၀ စွန်းခါစ အရွယ်များဖြစ်၍ လည်ချင်ပတ်ချင် ရုံးကလစ်ချင်သည်။ သို့ရာတွင် ဒေါ်မြမြကိုကြောက်၍ ရုံးမလစ်ဝံ့ပေ။ တစ်လခန့်ကြာသောအခါ ရုံးဝန်ထမ်းများနှင့် မောင်နှမရင်းတွေလိုခင်မင်ရင်းနှီးခဲ့သည်။ ဒေါ်မြမြ၊ ဒေါ်ခင်ဆွေအုန်း၊ ဒေါ်ဝါဝါတင်တို့သည် ကျွန်တော်တို့ကို ငွေစာရင်းနှင့်ပတ်သက်၍ လက်တွေ့အစောဆုံး သင်ကြားပြသပေးသော လက်ဦးဆရာများဖြစ်၏။

**ရွှေသွေးမှာ ကဗျာလေးတွေရေးဖြစ်ပြီ**

စာပေဗိမာန်မှာ ရုံးတက်ရင်း စာပေသမား ကျွန်တော့်အတွက် အမြတ်ထွက်လေသည်။ စာပေဗိမာန်ထုတ်စာအုပ်လေးများကို ဈေးသက်သက်သာသာနှင့် ဝယ်ယူဖတ်ရှုခွင့်ရသည်။ စာကြည့်တိုက်ကို ဝင်ထွက်လေ့လာခွင့်ရသည်။

ထိုအချိန်က စာပေဗိမာန်အကြီးအကဲမှာ ဆရာဦးထင်ကြီးဖြစ်သည်ဟု သိရ၏။ ထို့အပြင် စာပေဂုဏ်သတင်း ထုံသင်းကျော်ကြားနေပြီဖြစ်သော ဆရာဦးမျိုးသန့် (မောင်ဆုရှင်) လည်း စာပေဗိမာန်မှာရှိ၏။ ဆရာ့ကို မြင်ဖူးတွေ့ဖူးချင်ခဲ့ပါ၏။ တစ်နေ့ စာပေဗိမာန်လှေကားအတက်အဆင်းမှာ ဆရာနှင့်ဆုံသည်။ ဆရာသည် ရုပ်ရည်သန့်ပြန့်ခံ့ညားသလောက် စကားအပြောအဆိုလည်း ချိုသာညက်ညောလှသည်။ ဆရာ့ကို ကျွန်တော်တို့က စတင်မိတ်ဆက်သည်။ ကဗျာရေးစာရေး ဝါသနာပါကြောင်းနှင့် ငွေတာရီမဂ္ဂဇင်းမှာ အဖွင့်ကဗျာအဖြစ် ဖော်ပြခြင်းခံရသော ကျွန်တော့်ကဗျာလေးနှင့် ဒို့ကျောင်းသားစာစောင်ပါ ကဗျာလေးများကို ဆရာ့ကိုပြမိသည်။ ဆရာက လှေကားထစ်ပေါ်မှာ ရပ်လျက်ပင် အားပေးစကားများပြောပြီး စာပေဗိမာန်က ရွှေသွေးမှာလည်းရေးပါလားဟု အကြံပေးသည်။

"ဟုတ်ကဲ့ဆရာ။ ကျွန်တော် မိုးသောက်ပန်းနဲ့ တေဇရုပ်စုံမှာလည်း ကဗျာလေးတွေရေးပါတယ်။ ရွှေသွေးမှာလည်းရေးပါ့မယ်။"

ထိုသို့ပြောပြီးနောက် ရွှေသွေးဂျာနယ်သို့ ကဗျာလေးတစ်ပုဒ်စမ်းပြီးပို့ရာ ဖော်ပြခြင်းခံရပါသည်။ ပထမဆုံးပို့သော ကဗျာလေးဖြစ်၍ မှတ်မိနေပါသည်။

မဘုတ်ဆုံ

❖ ဒွေးလေးဘုတ်ဆုံ မဘုတ်ဆုံ
ဝဝတုတ်တုတ် စည်ပိုင်းပုံ။
ကွမ်းတင်ငုံ အသားမည်း
ထဘီဝတ်တော့ စွန်တောင်ဆွဲ။
အလှူပွဲတိုင်း သူရောက်လာ
အော်ဟစ် စီမံခန့်ခွဲပါ။
တို့များရွာက အပျိုခေါင်း
ဒွေးလေးဘုတ်ဆုံ အသံကောင်း။။

❖ ဒွေးလေးဘုတ်ဆုံ မဘုတ်ဆုံ
သနပ်ခါးလေး တဖုံဖုံ။
ရွှာ့သတင်းစုံ သူသိမြဲ
ပြောင်းဖူး ဖက်လိပ်တခဲခဲ။
အိုးစည်ဝိုင်းထဲ ဝင်ကာလေ
ကခုန်ပျော်မြူး တတ်ပါပေ။
ကလေးတွေဝိုင်း ခွေးတွေဝိုင်း
ဒွေးလေးဘုတ်ဆုံ ဒေါ်စည်ပိုင်း။။

၁၉၇၄ ခုနှစ်ကဖြစ်၍ ရက်လကိုတော့ အတိအကျမမှတ်မိတော့ပါပြီ။ ပန်းချီဆရာကြီး ဦးစိန်၏ သရုပ်ဖော်ပုံလေးဖြင့် ထိုကဗျာလေးကို ဖတ်ရှု၍မဝနိုင်။ ထို့နောက်တွင် ရွှေသွေးဂျာနယ်တွင် ရုပ်ပြဇာတ်လမ်းကလေးများ ရေးဖြစ်ပါသည်။ ၁၉၇၄ မတ်လတွင် လက်ပံပွင့်ချိန်ဟူသော တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းကလေး ရေးသားပေးပို့ရာ နှစ်ပတ်ဆက်တိုက်ဖော်ပြခြင်းခံရသည်။ ပန်းချီဦးဘကြည်၏လက်ရာ ရောင်စုံရုပ်ပုံကလေးများနှင့် ဖြစ်ပါသည်။

သို့နှင့်ပင် ကျွန်တော်သည် ရွှေသွေးဂျာနယ်တွင်ရေးသားသော ဇာတ်လမ်းမျိုးလေးများကို ရှေ့ဆောင်လူငယ် (လူငယ်)၊ ဒို့ကျောင်းသားတို့တွင် လူငယ်ဝတ္ထုတိုလေးများအဖြစ် ရေးသားခဲ့သည်။ စာပေဗိမာန်၌ အလုပ်သင်စာရင်းကိုင်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးလေးများ ပို၍ပို၍ ရေးဖြစ်ခဲ့လေသည်။ ထို့ကြောင့် စာရေးသက်ကာလ နုနယ်စဉ်မှာ စာပေဗိမာန်အေးရိပ်ကို မေးမိုတ်နားခိုခဲ့ရခြင်းက ကျွန်တော့်ကို ကဗျာတွေ စာတွေပို၍ရေးဖြစ်စေမည့် ခွန်အားများရရှိခဲ့သည်ဟု ဆိုချင်ပါသည်။

> ❑ **စာပေလောကဟူသည်မှာလည်း ပန်းဥယျာဉ်ကြီးသဖွယ်ပင် ဖြစ်ပါသည်။ စာပေဗိမာန်သည် ရေခံမြေခံကောင်းလှသော စာပေပန်းဥယျာဉ်ကြီး ဖြစ်ပါ၏။ စာပေအစဉ်အလာကြီးမားလှစွာသော ဆရာကြီး ဆရာမကြီးများ ဦးဆောင်မှုပြုခဲ့ကြသည်**
>
> ❑ **ဥယျာဉ်တစ်ခုအတွက် သစ်ပင်ပန်းမန်များ ရှင်သန်ဖွံ့ဖြိုးလန်းဆန်းစေရန်မှာ မြေဆီမြေနှစ် ကောင်းဖို့လိုသလို ရေကြည်ရေသန့်လည်း သွန်းလောင်းပေးနိုင်ဖို့လိုပါသည်**

၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆုကို သံလွင်ကမ်းမှ ပန်းအိပ်မက် ကဗျာပေါင်းချုပ်စာအုပ်ဖြင့် ကျွန်တော်ရရှိခဲ့သည်။ အဆိုပါ ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနားမှူး ဆရာဦးမျိုးသန့် (မောင်ဆုရှင်)၊ တွဲဖက်အခမ်းအနားမှူး ဦးမောင်လှိုင် (မောင်ဆွေငယ်) တို့ ဖြစ်ကြသည်။ ဆရာဦးမျိုးသန့်က C.P.A အလုပ်သင်ဘဝကာလလေးကို အမှတ်တရပြန်ပြောတော့ လွမ်းမောစရာဖြစ်ခဲ့သည်။

၁၉၉၅ ခုနှစ် ရွှေရတုတပ်မတော်နေ့ အခမ်းအနား၌ ကဗျာရှည် ပထမဆု တက်ရောက်ယူရတော့လည်း ဆရာမောင်ဆုရှင်၊ ဆရာမ မနှင်းဖွေး၊ ဆရာမ ချို မြနွယ်တို့နှင့် ပြန်လည်တွေ့ဆုံရပြန်သည်။ စာပေဗိမာန်၌ တာဝန်ထမ်းဆောင်နေကြသော စာရေးဆရာကြီး ဆရာမကြီးတို့နှင့် တွေ့ဆုံရတိုင်း စာပေခွန်အားများ ပွားသစ်ရပါပေသည်။

**ဒုတိယအကြိမ်နားခိုရပြန် စာပေဗိမာန်**

၁၉၉၈ ခုနှစ်တွင် ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ် ကြည်အောင်က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းကို ဦးဆောင်ထုတ်ဝေသည်။ မဂ္ဂဇင်းထုတ်ရန်အတွက် စာမူစိစစ်ခြင်းကို (မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့) ကတာဝန်ယူရပြီး ပြန်ကြားရေးဝန်ကြီးဌာနကဖြန့်ချိရေးအပါအဝင် ပုံနှိပ်ထုတ်ဝေရေးကို ကြီးကြပ်စီစဉ်ပေးခြင်းဖြစ်သည်။ မဂ္ဂဇင်းတည်နေရာမှာ စာပေဗိမာန်အဆောက်အဦ မြေညီထပ်၌ ဖြစ်၏။ ကျွန်တော်သည် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်အဖြစ် ထိုနေရာ၌ (၁၇) နှစ်ခန့် အခြေပြုနေထိုင်ခဲ့ရသည်။ စာပေသမားများ အဝင်အထွက်များလှသော စာပေရနံ့ သင်းပျံ့နေသော ထိုနေရာမှာ အခြေပြုခဲ့ရသဖြင့်လည်း ယနေ့တိုင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း တည်တံ့ခိုင်မြဲနေခြင်း ဖြစ်သည်ဟု ခံယူမိပါသည်။

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ နားခိုခဲ့ရာ စာပေဗိမာန်**

၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အတွက် ရုံးခန်းကျယ်ကြီးကို စာပေဗိမာန်အဆောက်အဦ၏ ဒုတိယထပ်၌ ကျယ်ဝန်းခံ့ညားစွာထားရှိပေးခဲ့သည်။ အဖွဲ့ကြီးသည် ထိုနေရာ၌ ၁၅ နှစ်ခန့် ရုံးစိုက်တည်ရှိခဲ့ပါသည်။ ထိုအချိန်က စာပေဥက္ကဋ္ဌများအဖြစ် တာဝန်ထမ်းဆောင်သူတို့မှာ ဆရာကြီး ဦးကျော်အောင်၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဆရာကြီးတက္ကသိုလ်တင်ခနှင့် ဆရာကြီး လယ်တွင်းသားစောချစ်တို့ဖြစ်သည်။ နောင်အခါ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကို မြန်မာနိုင်ငံစာရေးဆရာ အသင်းအဖြစ် ပြောင်းလဲဖွဲ့စည်းပြီးသည့်နောက်တွင်မှ လက်ရှိနေရာ ပန်းဆိုးတန်းလမ်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**ရေကောင်းမြေမှန် စာပေဗိမာန်**

ဥယျာဉ်တစ်ခုအတွက် သစ်ပင်ပန်းမန်များ ရှင်သန်ဖွံ့ဖြိုးလန်းဆန်းစေရန်မှာ မြေဆီမြေနှစ် ကောင်းရန်လိုသလို ရေကြည်ရေသန့်လည်း သွန်းလောင်းပေးနိုင်ရန်လိုပါသည်။

စာပေလောက ဟူသည်မှာလည်း ပန်းဥယျာဉ်ကြီးသဖွယ်ပင်ဖြစ်ပါသည်။ စာပေဗိမာန်သည် ရေခံမြေခံကောင်းလှသော စာပေပန်းဥယျာဉ်ကြီး ဖြစ်ပါ၏။ စာပေအစဉ်အလာကြီးမားလှစွာသော ဆရာကြီး ဆရာမကြီးများ ဦးဆောင်မှုပြုခဲ့ကြသည်။

ဤအဆောက်အဦကြီး၏ အစည်းအဝေးခန်းမများ၌ ပညာရှင် ဆရာကြီး ဆရာမကြီးများစွာတို့က စာပေဆုများစွာကို တည်းဖြတ်ရွေးချယ်ပေးခဲ့ကြပါ၏။ စည်းဝေးတိုင်ပင်ဆွေးနွေးခဲ့ကြပါ၏။ တစ်နည်းအားဖြင့် စာပေပန်းပေါင်းများစွာကို ပွင့်လန်းစေခဲ့ပါ၏။

အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူ ဦးအုံးဖေစာပေဆု အစရှိသည့် ဆုများသာမက တပ်မတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲများ၊ အမျိုးသားရေးဆောင်ပုဒ်ဆုစာပေပြိုင်ပွဲများ၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှု တိုက်ဖျက်ရေးဆိုင်ရာ စာပေပြိုင်ပွဲများအပြင် အခြားစာပေပြိုင်ပွဲပေါင်းများစွာမှ ပြိုင်ပွဲဝင်စာမူများကို စိစစ်ပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများကို မြင်ယောင်နေမိပါသည်။

*စာမျက်နှာ ၁၂ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှ အဆက်)*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များနှင့် သတင်းမီဒီယာသမားများက သတင်းမှတ်တမ်းဓာတ်ပုံရယူစဉ်။

Weekly Eleven ဂျာနယ်မှ သတင်းထောက် **ဦးအောင်မင်းသိန်း** က ပြီးခဲ့သည့်ရက်ပိုင်းတွင် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များတွင် အပ်ထားသည့် နိုင်ငံခြားငွေအကောင့်ထဲမှ ဒေါ်လာများကို တစ်ဒေါ်လာကို ၁၈၅၀ နှုန်းဖြင့် လဲလှယ်ရမည်ဟု ပြီးခဲ့သည့် ဧပြီ ၃ ရက်တွင် ဗဟိုဘဏ်က အမိန့်ကြေညာချက်အမှတ် ၄/၂၀၂၂ ဖြင့် ထုတ်ပြန်လိုက်ကြောင်း၊ ဧပြီ ၅ ရက်တွင် အရောင်းအဝယ်အကောင့်ထဲက ဝင်လာသည့်ဒေါ်လာများကို အလုပ်ရက် တစ်ရက်အတွင်း လဲလှယ်ရမည်ဟုလည်း ထပ်မံထုတ်ပြန်ခဲ့ကြောင်း၊ ဩဂုတ် ၅ ရက်တွင် အမိန့်ကြေညာချက် အမှတ် ၃၆/၂၀၂၂ ဖြင့် တစ်ဒေါ်လာကို ကျပ်ငွေ ၂၁၀၀ နှုန်းဖြင့် လဲလှယ်ရမည်ဟု ဗဟိုဘဏ်က ထုတ်ပြန်လိုက်ကြောင်း၊ ယင်းသို့ ဒေါ်လာအပေါ် ထုတ်ပြန်လိုက်သည့် သတ်မှတ်ထုတ်ပြန်ချက်များနောက်ပိုင်းတွင် ဒေါ်လာဈေးကွက်ကမောက်ကမဖြစ်ပြီး စီးပွားရေးကဏ္ဍတွင် အနည်းငယ်ဂယက်ရိုက်ခဲ့ကြောင်း၊ တစ်ဒေါ်လာကို ၁၈၅၀ ကျပ်နှုန်းဖြင့် ဗဟိုဘဏ်က သတ်မှတ်သည့်အချိန်တွင် ပြင်ပတွင် တစ်ဒေါ်လာကို ၂၄၀၀ ကျပ်၊ ၂၅၀၀ ကျပ်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ယခုနောက်ဆုံး ထုတ်ပြန်ခဲ့သည့် တစ်ဒေါ်လာကို ၂၁၀၀ ကျပ်နှုန်းထားအခြေအနေတွင် ပြင်ပ၌ ၂၉၀၀ ကျပ်၊ ၃၀၀၀ ကျပ်ဈေးနှုန်းများအထိ မြင့်တက်သွားကြောင်း၊ ယင်းဒေါ်လာများကို ကုမ္ပဏီအကောင့်များနှင့် တစ်ဦးချင်း Personal အကောင့်မှ ဒေါ်လာများကို ဗဟိုဘဏ်က သတ်မှတ်သည့်ဈေးဖြင့် လဲလှယ်ရမည်ဟု ကြေညာသည့်အခါတွင် အကောင့်ပိုင်ရှင်အများစုသည် ပမာဏအတော်များများကို လဲလှယ်လိုက်ရသည့် အနေအထားဖြစ်သွားကြောင်း။

ဗဟိုဘဏ်မှ ကင်းလွတ်ခွင့်ပေးထားသည့် လုပ်ငန်းတချို့၌ မိမိတို့တွေ့ရသည့်လုပ်ငန်းခြောက်ခုခန့်ရှိကြောင်း၊ ယင်းလုပ်ငန်းအပေါ် ဝင်လာသည့် ဒေါ်လာပမာဏက အနည်းငယ်သာရှိသည်ဟု သိရကြောင်း၊ စက်ရုံများ၊ ကုမ္ပဏီများ လည်ပတ်ရန်အတွက် Import လုပ်ရသည့်အခါတွင် OTD ကတစ်ဆင့် ဗဟိုဘဏ်က သတ်မှတ်ထားသည့် သတ်မှတ်နှုန်းထားဖြင့် တစ်ဒေါ်လာကို ၈၀၀ ကျပ်၊ ၉၀၀ ကျပ်၊ ၁၀၀၀ ကျပ် ယင်းကဲ့သို့ ကွာဟချက်များဖြင့် ဝယ်ပြီး လုပ်ရသလိုများ ဖြစ်လာကြောင်း၊ ထို့ပြင် ကုန်ကြမ်း Import လုပ်ရန်အတွက် ဒေါ်လာဝယ်ယူရန်အတွက်ကလည်း ပြင်ပတွင် မဖြစ်နိုင်လောက်သည့် အနေအထားအထိကို ဖြစ်လာကြောင်း၊ ဒေါ်လာအကောင့်များကနေပြီး ဗဟိုဘဏ်က သတ်မှတ်ထားသည့်နှုန်းထားဖြင့် ငွေလဲလှယ်ခံလိုက်ရသကဲ့သို့ ယင်းငွေများမှတစ်ဆင့် ပြည်တွင်းတွင် နိုင်ငံခြားငွေများ၊ အိမ်ခြံမြေများ၊ ကားများ ယင်းတို့ကို ဝယ်သည့် အနေအထားဖြစ်လာကြောင်း၊ ဈေးကစားသည့်သူများကြောင့်လည်း ပုံမှန်မဟုတ်ဘဲ နှုန်းထားများထိုးတက်လာသည့် အနေအထားအထိ ဖြစ်လာကြောင်း၊ ဈေးကွက်ကလည်း ကမောက်ကမဖြစ်ပြီး တိုင်းပြည်စီးပွားရေးသည် ယင်းအခြေအနေအတွင်းတွင် ထိခိုက်ရသည့် အနေအထား ဖြစ်လာကြောင်း။

သာမန်ပြည်သူများအနေဖြင့်လည်း ငွေကြေးဖောင်းပွမှုဒဏ်၊ ကုန်ဈေးနှုန်း ကြီးမြင့်သည့်ဒဏ်များကို ခံစားလိုက်ရကြောင်း၊ ယင်းသည် ဗဟိုဘဏ်၏ နိုင်ငံခြားငွေနှင့်ပတ်သက်၍ ပေါ်လစီအပြောင်းအလဲနှင့် ပတ်သက်ပြီး ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်သုံးခုကြောင့် ဖြစ်လာသည့် နောက်ဆက်တွဲ အနေအထားများဟု ပြောရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ သိလိုသည်မှာ တစ်ဒေါ်လာကို ဗဟိုဘဏ်ကသတ်မှတ်သည့် ၁၈၅၀ ကျပ် နှုန်းထားဖြင့် အကောင့်မည်မျှက ဒေါ်လာပမာဏမည်မျှထိ လဲလှယ်ပြီးစီးခဲ့ကြောင်း၊ ထိုမှရရှိလာသည့် ဒေါ်လာများကို လိုအပ်သူများ၊ အပြင်တွင် အမှန်တကယ် အလုပ်လုပ်နေသူများရရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ အစိုးရအနေဖြင့် ဈေးသတ်မှတ်ပြီး လဲလှယ်သိမ်းဆည်းခဲ့သည့် ဒေါ်လာများကို အမှန်တကယ်လိုအပ်၍ လာဝယ်မည်ဆိုပါက မည်သို့ဆောင်ရွက်ရမည်ဆိုသည့် ညွှန်ကြားချက်များ သတ်မှတ်ထုတ်ပြန်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ ထို့အပြင် လက်ရှိနောက်ဆုံးထုတ်ပြန်ခဲ့သည့် တစ်ဒေါ်လာကို ၂၁၀၀ နှုန်းထားကို ပြင်ပမှာဆိုလျှင် ယင်းနှုန်းထားထက် ပမာဏမြင့်မားပြီး ဈေးကစားနေသည်များရှိကြောင်း၊ ပေါက်ဈေးရှိသည့်အတွက် ပြင်ပဈေးကွက်တွင် ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် နှုန်းထားနှင့် များစွာကွာဟချက်မဖြစ်အောင် ငွေလဲနှုန်းကိုလည်း တည်ငြိမ်မှုရှိအောင် အစိုးရအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ အနေဖြင့်လည်း လက်ရှိဖြစ်ပေါ်နေသည့် အကျပ်အတည်းများမှ ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများကို မည်သို့ဖြေလျှော့မှုများ လုပ်ပေးရန်ရှိကြောင်း၊ နောက်ဆုံး ဗဟိုဘဏ်နှင့်ပူးပေါင်းပြီး မည်သည့် နည်းလမ်းများဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် အဆင်ပြေအောင် မည်သို့ဖြေရှင်းဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးသည် Weekly Eleven လား Audit ဂျာနယ်လားတော့ မသိကြောင်း၊ မေးသည့်မေးခွန်းများက Audit ဂျာနယ်ဆန်ဆန် ဖြစ်ကြောင်း၊ မေးခွန်းများကလည်းကောင်းပါကြောင်း၊ မိမိအနေဖြင့် ကိန်းဂဏန်းများကိုတော့ မပြောနိုင်ကြောင်း၊ ကိန်းဂဏန်းများနှင့်ပတ်သက်၍ ဖြေနိုင်သမျှကို ဗဟိုဘဏ်ကို ဖြေခိုင်းပေးမည်ဖြစ်ကြောင်း၊ မိမိပြောနိုင်သည်မှာ မူဝါဒပိုင်းဆိုင်ရာကိုသာ ပြောမည်ဖြစ်ကြောင်း၊ နံပါတ် ၁ ယင်းမူဝါဒများချမှတ်ရသည့် အကြောင်းရင်းမှာ မချမှတ်၍မဖြစ်သောကြောင့် ချမှတ်ရခြင်းဖြစ်ကြောင်း၊ တချို့သည်လည်း နာကျင်ရကြောင်း၊ နာကျင်အောင်လည်းလုပ်ရကြောင်း၊ ယင်းသည် ပေါ်လစီဖြစ်ကြောင်း၊ နံပါတ် ၂ ပြောလိုသည်မှာ မိမိတို့အနေဖြင့် လုပ်ဆောင်ရသည့် အကြောင်းအရာသည် ဗဟိုဘဏ်က အတိုးနှုန်း၊ ၁၈၅၀ အမျိုးမျိုးဖြစ်သည့်အတွက် ထိုသုံးခု၏ နောက်ပိုင်းမှာ ဖြစ်လာကြောင်း၊ ထိုသုံးခု၏ ရှေ့ပိုင်းတွင်လည်း ဖြစ်ခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် ဖြစ်ခဲ့သည်ဆိုသည့် အကြောင်းရင်းများ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းက အကြောင်းရင်းများရှိကြောင်း၊ မြန်မာနိုင်ငံ၏ပြင်ပက အကြောင်းရင်းများလည်း ရှိပါကြောင်း၊ မိမိတို့အစိုးရနှင့် ဗဟိုဘဏ်သည် "ခြောက်ပြစ်ကင်း သဲလဲစင်" ဟု မိမိတို့ မပြောပါကြောင်း၊ မည်သူမှလည်း "ခြောက်ပြစ်ကင်း သဲလဲစင်" မရှိပါကြောင်း၊ ချို့ယွင်းချက်များရှိပါကြောင်း၊ ချို့ယွင်းချက်များပြင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနှင့် ပြည်တွင်း၏ကိစ္စများလည်း ရှိပါကြောင်း။

အဓိက အစဉ်အဆက်လုပ်ခဲ့သည်များကို မည်သည်ကို ထိသလဲဆိုလျှင် ယခင်ကတည်းက အတိုင်း ပြည်တွင်း၏ ထုတ်ကုန်များကို အားမပေးဘဲ ပြည်ပမှတင်သွင်းကုန်များ Import ကုန်များကို အားပေးခဲ့ခြင်းကြောင့် မိမိတို့၏ နိုင်ငံခြားငွေလိုအပ်ချက်များလည်း ကြီးမားလာကြောင်း၊ ကုန်သွယ်ရေးတွင် လိုငွေများကြီးမားလာပြီး အကြွေးများ ထပ်မံတင်လာသည့် ကိစ္စများဖြစ်လာကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ယင်းကိစ္စကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် ကမ္ဘာတွင်ဖြစ်နေသည့် ပဋိပက္ခများကြောင့် ရေနံဈေး၊ ဓာတ်မြေဩဇာဈေး၊ စားသောက်ကုန်ဈေးများကြီးပြီး ငွေကြေးဖောင်းပွမှု မြင့်မားနေသည်များရှိကြောင်း၊ တစ်ဖက်က (FRB) Fedral Reserve Bank က အတိုးနှုန်း မြှင့်တင်လိုက်သည်များရှိကြောင်း၊ ဗဟိုဘဏ်အနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း အထောက်အကူဖြစ်မည့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိန်းညှိဆောင်ရွက်သည့်အချိန်တွင် တချို့နေရာနှင့် တချို့ Sector တွင် ထိခိုက်မှုများရှိမည်ဖြစ်ကြောင်း၊ သို့သော် ယခုအချိန်တွင် ဖြေလျှော့၍မရကြောင်း၊ အချိန်အတိုင်းအတာတစ်ခုရောက်လျှင် ပေါ်လစီအရ ဖြေလျှော့၍ရလျှင် လျှော့ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News Channal မှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်** က ယခုရက်ပိုင်းအတွင်း ပြည်တွင်း၌ နိုင်ငံခြားငွေလဲလှယ်နှုန်း ဆက်တိုက်မြင့်တက်နေသကဲ့သို့ ရွှေ၊ စားအုန်းဆီ၊ စက်သုံးဆီနှင့် ကုန်ဈေးနှုန်းများလည်း ဆက်တိုက်မြင့်တက်နေကြောင်း၊ ယင်းသို့ မြင့်တက်လာခြင်းကြောင့် အခြေခံလူတန်းစားများ၊ ဝန်ထမ်းများအတွက် အတော်ကို အခက်အခဲ ဖြစ်နေကြောင်း၊ ထိုသို့ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့်ကြည့်လျှင် ငွေကြေးဖောင်းပွမှုများကို ရင်ဆိုင်နေရကြောင်း၊ ယင်းနိုင်ငံအသီးသီးတွင် ငွေကြေးဖောင်းပွမှုများကို ထိန်းချုပ်နိုင်ရန်၊ လျှော့ချနိုင်ရန် ရုန်းကန်ကြိုးပမ်းနေသည်ကို တွေ့ရကြောင်း၊ မြန်မာကျပ်ငွေဖောင်းပွမှုနှုန်း ပြန်လျော့သွားအောင် မည်ကဲ့သို့ဆက်လုပ်မည့်အစီစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က မြန်မာကျပ်ငွေဖောင်းပွမှုနှုန်းကို လျော့ကျသွားအောင် လုပ်နိုင်သည့်နည်းက မိမိတို့၏ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်နှင့် ဈေးကွက်ရှာရန် နည်းလမ်းရှိကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်နှင့် ဈေးကွက်ရှာရန်နည်းလမ်းတွင် မိမိတို့လုပ်ဆောင်နေခြင်းသည် နှစ်မျိုးရှိကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်အတွက် ပြည်တွင်းမှ လုပ်ဆောင်ရသည်များကို အစိုးရနှင့် ပြည်သူများပါ လုပ်ဆောင်နိုင်ကြောင်း၊ သို့သော် ရောင်းချရန်အတွက် တချို့သော အခက်အခဲများ ရှိကြောင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ပိတ်ဆို့မှုများရှိကြောင်း၊ ဈေးကွက်ချဲ့ထွင်ရန်အတွက် ရုရှားနှင့်ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တစ်ဖက်တွင် တရုတ်နှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်** က တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများထွက်ပေါ်သည့်အချိန်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် သင့်တင့်သည့် ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူရန် ရှိ/မရှိ၊ နွေစပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများတွင် စက်သုံးဆီများလိုအပ်သောကြောင့် အစိုးရအနေဖြင့် ထောက်ပံ့ပေးမှု ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က နွေစပါးနှင့် ပဲတီစိမ်းကို အထူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ပြောပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ လယ်/ဆည်ဝန်ကြီးဌာနတွင်လည်း နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် အရင်းမပျောက်မတည်ငွေများ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လယ်/ဆည်ဝန်ကြီးဌာနလက်အောက်ခံဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေး အရှိန်မြှင့်တင်ရန်အတွက် နွေစပါးနှင့် ပဲတီစိမ်းကို အဓိကထား ဆောင်ရွက်သည့်အတွက်ကြောင့် ယင်းလုပ်ငန်းများနှင့် ပတ်သက်သည့် သွင်းအားစုများ၊ လုပ်ဆောင်ရမည့်အချက်များအား တောင်သူများကို အကူအညီပေးခြင်းအားဖြင့် အလျင်အမြန်အောင်မြင်မှုရရှိရန် လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Public Press မှ အယ်ဒီတာချုပ် ဦးဇော်မင်းနိုင်** က ကြွေးမြီများ တင်ရှိနေသည့် တောင်သူများအနေဖြင့် တရားစွဲဆိုခံရပြီး ထွက်ပြေးတိမ်းရှောင်နေကြောင်း ၎င်းတို့အား အစိုးရအနေဖြင့် ဖြေလျှော့ရန် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ကိုဗစ်ကာလ၌ ချေးထားသောချေးငွေများ၊ စိုက်ပျိုးစရိတ်များအတွက် အခက်အခဲရှိသည့်ကိစ္စရပ်များကို ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်း၊ အချို့တောင်သူများသည် ယခင်ကတည်းက ထွက်ပြေးတိမ်းရှောင်သူများဖြစ်ကြောင်း၊ ထို့ကြောင့် အခြေအနေအပေါ်မူတည်ပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော် အွန်လိုင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်** က ရေနံနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များ ရောင်းချမှုရပ်တန့်ထားခြင်း၊ အကန့်အသတ်ဖြင့် ရောင်းချနေခြင်းကို နယ်မြေသတင်းအချက်အလက်များအရ သိရှိရပါကြောင်း၊ ယင်းကိစ္စအား မည်သို့စိစစ်အရေးယူဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရန် ကော်မတီများအနေဖြင့်လည်း ယခုဆီဈေးအပေါ်မှာ မည်သို့စီစဉ်ဆောင်ရွက်ထားကြောင်း၊ ကုန်စည်စီးဆင်းမှုများကိုလည်း မည်သို့ဆောင်ရွက်ထားကြောင်း၊ စက်သုံးဆီတင်သွင်းရေးနှင့် သိုလှောင်ဖြန့်ဖြူးမှု ကြီးကြပ်ရေးကော်မတီအနေဖြင့်လည်း ပြည်သူများစက်သုံးဆီကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးနှင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ဖြည့်တင်းကြပ်မတ်ဆောင်ရွက်မှုများ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ဆီဝယ်ယူမှုနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ကြေညာချက်ထုတ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မသမာမှုများတွေ့ရှိပါက ကြေညာချက်ပါအတိုင်း ထိုနေရာများသို့ တိုင်ကြားနိုင်ကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်လျှင် ရုရှားမှ တင်သွင်းခွင့်ရပြီးဖြစ်ကြောင်း၊ ထို့ပြင် တင်သွင်းခွင့်ရသည်များကို မှန်မှန် ကန်ကန်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ နယ်များသို့ရောက်အောင်ပို့ဆောင်ရာတွင် နယ်ဈေးနှုန်းနှင့် ရန်ကုန်ဈေးနှုန်းတူစရာအကြောင်းမရှိပါကြောင်း၊ စက်သုံးဆီသည် ဆိပ်ကမ်းရှိရာ ရန်ကုန်သို့သာ ရောက်ရှိကြောင်း၊ နယ်များတွင်မူ ရန်ကုန်ဈေးနှုန်းထက် သယ်ယူပို့ဆောင်စရိတ် အနည်းငယ်ပို၍ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ တချို့သော ဆိုင်ငယ်လေးများ၊ ဆိုင်များသည် တက်ဈေးကိုမျှော်၍ လုပ်ဆောင်နေသည်များလည်းရှိကြောင်း၊ တချို့မှာလည်း တက်ဈေးကို မျှော်ခြင်းမဟုတ်ဘဲ ရိုးရိုးသားသားဖြစ်ခြင်းဖြစ်ကြောင်း၊ မီဒီယာများကိုလည်း မိမိပြောပြီးဖြစ်ကြောင်း၊ မန္တလေး၌ ကောလာဟလများကြောင့် ဆီဆိုင်များတွင် စုပြုံ၍ဝယ်လိုက်ကြကြောင်း၊ အရန်ဆီထဲက မဖြည့်နိုင်ခင် ပြတ်လပ်သွားသည့် အချိန်ပိုင်းအတွင်း ပိုပြီးဆိုးလာသည့်လုပ်ငန်းမျိုးလည်းရှိကြောင်း၊ စက်သုံးဆီ အလွယ်တကူရခြင်း၊ စက်သုံးဆီလိုသလောက်ရခြင်း၊ ဈေးနှုန်းချိုသာခြင်းရှိသည်ဆိုလျှင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် လုံခြုံရေးအရ လိုအပ်သည်များကို ဖြည့်ဆည်းနိုင်မည်ဆိုလျှင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမည်ဖြစ်ပြီး ယင်းကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။



ဦးသွင်ထူးအောင်
One News Channel



ဦးဝင်းဦး
NHP သတင်းဌာန

**နေပြည်တော်အွန်လိုင်း သတင်းအေဂျင်စီမှ လက်ထောက်အယ်ဒီတာ ဦးဝင်းနိုင်** က လတ်တလောလောင်စာဆီဈေးနှုန်းများ မြင့်တက်သည့်အပေါ် ကုန်ဈေးနှုန်းများကလည်း အဆမတန် မြင့်တက်နေသည့်အတွက် လောင်စာဆီဈေးနှုန်းကို အတည်ငြိမ်ဆုံးနှင့် အသက်သာဆုံးဖြစ်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မှုရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က မြန်မာနိုင်ငံသည် ရေနံထွက်သည့်နိုင်ငံဖြစ်သည်ဆိုလျှင် ဈေးနှုန်းသတ်မှတ်ပြီးရောင်းချကာ တည်ငြိမ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေနံဖူလုံစွာ မထွက်ရှိသည့် နိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းရကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများမှ တင်သွင်းနိုင်သည့် ဈေးနှုန်း၊ ရောင်းချနိုင်သည့် ဈေးနှုန်းအတိုင်း မိမိတို့ ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လျှင် မြန်မာ့ရေနံဈေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လုပ်ဆောင်ပေးနိုင်သည့် အချက်နှစ်ချက်သာရှိကြောင်း၊ နံပါတ်တစ်အချက်အနေဖြင့် စက်သုံးဆီနှင့်ပတ်သက်လာလျှင် အခွန်အခ လျှော့ပေါ့ကောက်ခံရန်ဖြစ်ပြီး မိမိတို့အနေဖြင့် အခွန်အခကို အစွမ်းကုန်လျှော့ချ၍ ကောက်ခံကြောင်း၊ နံပါတ်နှစ်အနေဖြင့် စက်သုံးဆီနှင့် ပတ်သက်လာလျှင် လိုအပ်သည့်နိုင်ငံခြားငွေကို ရောင်းချပေးရန်ဖြစ်ပြီး ယင်းကိုလည်း မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားငွေဆိုသည်မှာလည်း အလွယ်ရောင်း၍ မရကြောင်း၊ မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဆိုလျှင် စက်သုံးဆီနှင့်ပတ်သက်ပြီး ပြဿနာဖြစ်မည်စိုးသဖြင့် အစိုးရအနေဖြင့် ၎င်း၏အရန်ငွေထဲမှ အရောင်းအဝယ်လုပ်ပေးရာ အရန်ငွေသည် တောင့်ခံနိုင်သည့် အနေအထား မရှိတော့သည့်အခြေအနေအထိ ဖြစ်ရကြောင်း၊ ထိုအခါ စက်သုံးဆီဈေးနှုန်းကို လွှတ်ပေးလိုက်သည့်အတွက် စက်သုံးဆီဈေးနှုန်းသည် ၅၄ ရာခိုင်နှုန်းအထိ တက်သွားကြောင်း၊ ထို့ကြောင့် ဆူပူဆန္ဒပြမှုများ ဖြစ်လာကြောင်း၊ နောက်ထပ် အိမ်နီးချင်းနိုင်ငံသည်လည်း ထို့အတူပင်ဖြစ်ကြောင်း၊ ယင်းအခြေအနေများသည် လက်တွေ့ဖြစ်နေသည့် အခြေအနေများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် စက်သုံးဆီနှင့် ပတ်သက်ပြီး အတတ်နိုင်ဆုံး လုပ်ဆောင်ပေးနိုင်သည့် အခွန်လျှော့ကောက်ခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်အရန်ထားရှိရမည့်အရာများကို ချိန်ညှိပြီး နိုင်ငံခြားငွေသုံးစွဲမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၌ ဖြစ်နေသည့် စက်သုံးဆီဈေးနှုန်း၊ အရှေ့တောင်အာရှနိုင်ငံများ၌ ဖြစ်နေသည့် စက်သုံးဆီဈေးနှုန်းကို လေ့လာကြည့်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ စက်သုံးဆီသည် ယခုအချိန်အထိ အနိမ့်ဆုံးထဲ (ဈေးချိုသည့်အထဲတွင်) ပါဝင်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်မှခင်းနှင့် သတင်းစုံအေဂျင်စီမှ သတင်းထောက် ဦးဇော်ဝင်း** က မြန်မာနိုင်ငံအတွင်းတွင်နေထိုင်ကြသည့် ဖခင် FRC၊ မိခင်မြန်မာနိုင်ငံသူ၊ မိခင် FRC၊ ဖခင်မြန်မာနိုင်ငံသား၊ ဖခင်နှင့် မိခင် FRC များဖြစ်ကြသည့် ဟိန္ဒူလူမျိုးများသည် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၂၀၁၀ ရွေးကောက်ပွဲအတွက် စီမံချက်ရေးဆွဲပြီး နိုင်ငံသားအစိမ်းရောင်ကတ်ပြားထုတ်ပေးပြီး ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရရှိခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်စီမံချက်ကာလတွင် အခြေအနေအရပ်ရပ်ကြောင့် မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၁၀ ဦးခန့်သာရရှိခဲ့ပြီး အိမ်ထောင်စု ၃၀၀ ခန့်မှာ စိစစ်ရေးကတ်ပြားများပြုလုပ်ရန်ကျန်ရှိသူ ၃၀၀ ခန့်ရှိနေကြောင်း၊ ၎င်းတို့အတွက် တစ်လျှောက်လုံး ကြိုးစားနေသော်လည်းမရကြောင်း၊ ယခု ၂၀၂၃ ခုနှစ်ရွေးကောက်ပွဲကာလ ပန်းခင်းစီမံချက်တွင် ဗိုလ်ချုပ်ပြောသကဲ့သို့ မကွေးတိုင်းဒေသကြီးတွင် ခြောက်မြို့နယ်ခန့် မရရှိသေးကြောင်း၊ ၎င်းပြည်သူများကမျှော်လင့်နေကြောင်း၊ ရနိုင်၊ မရနိုင် နိုင်ငံတော်အစိုးရအနေဖြင့် ဖြေကြားပေးရန် တောင်းဆိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထိုမေးခွန်းကို ဖြေကြားပေးရန် ပြောကြားသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး** က နိုင်ငံသားနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ဟူ၍ သုံးမျိုးရှိကြောင်း၊ *စာမျက်နှာ ၁၂ သို့*

**"မိမိတို့အစိုးရအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်ပြီး အတတ်နိုင်ဆုံး လုပ်ဆောင်ပေးနိုင်သည့် အခွန်လျှော့ကောက်ခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက် အရန်ထားရှိရမည့်အရာများကို ချိန်ညှိပြီး နိုင်ငံခြားငွေသုံးစွဲမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၌ ဖြစ်နေသည့် စက်သုံးဆီဈေးနှုန်း၊ အရှေ့တောင်အာရှနိုင်ငံများ၌ ဖြစ်နေသည့် စက်သုံးဆီဈေးနှုန်းကို လေ့လာကြည့်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ စက်သုံးဆီသည် ယခုအချိန်အထိ အနိမ့်ဆုံးထဲ (ဈေးချိုသည့်အထဲတွင်) ပါဝင်ကြောင်း ပြန်လည်ဖြေကြား"**

*စာမျက်နှာ ၁၁ မှ*

နိုင်ငံသားတွင် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ နှစ်မျိုးရှိကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မွေးရာပါ နိုင်ငံသားများဖြစ်ကြောင်း၊ ဥပဒေအရ နိုင်ငံသားဆိုသည်မှာ တိုင်းရင်းသား မိဘနှစ်ပါးက မွေးဖွားလာခြင်းမဟုတ်ဘဲ ဥပဒေကြောင်းအရ ရရှိသည့် နိုင်ငံသားကိုဆိုလိုကြောင်း၊ ဥပဒေကြောင်းအရ အချက်အလက်များ ညီညွတ်ပါက ဥပဒေအရနိုင်ငံသားပေး၍ရကြောင်း၊ ယင်းနိုင်ငံသားများအားလုံး မဲပေးခွင့်ရှိကြောင်း၊ သတင်းထောက်ကြီးပြောသည့် လူ ၃၀၀ သည် စိစစ်ရေးကတ်ပြားရရန် ကျန်ရှိသည်ဟုပြောကြောင်း၊ ၎င်းတို့သည် မွေးရာပါနိုင်ငံသားမဟုတ်နိုင်ကြောင်း၊ အဆိုပါကိစ္စများသည် လျှောက်ထားမှုရသည့် ကိစ္စများဖြစ်ကြောင်း၊ မွေးရာပါနိုင်ငံသားမဟုတ်သည့် ဥပဒေအရနိုင်ငံသားများကို တိုင်းရင်းသား မဟုတ်သည့်အတွက် စီမံချက်ဖြင့် ကွင်းဆင်းပြီး ဆောင်ရွက်ပေး၍မရကြောင်း၊ ရုံး၌သာဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ မိဘဘိုးဘွားများကို သေချာစိစစ်ပြီးမှသာ ဆောင်ရွက်ပေး၍ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စ ဆောင်ရွက်ရန် မြို့နယ်စုံ/စစ်အဖွဲ့ရှိကြောင်း၊ ယင်းအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိနှင့် အခြားဌာနဆိုင်ရာ နှစ်ဦးပါဝင်ကြောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးက အတွင်းရေးမှူးဖြစ်ကြောင်း၊ ယင်းအဖွဲ့ဖြင့်စိစစ်ပြီး တိုင်းနှင့် ပြည်နယ်စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ ဆက်လက်တင်ပြရကြောင်း၊ ထိုမှတစ်ဆင့် ရုံးချုပ်ရှိ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရကြောင်း၊ ဗဟိုအဖွဲ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးက နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ ထည့်သွင်းထားခြင်းဖြစ်ကာ ပြည်ထဲရေးဝန်ကြီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်၍ ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကို နိုင်ငံတကာရေးရာနှင့် ပတ်သက်၍ ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအတွင်းဝန်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေကြောင်း၊ ယင်းဗဟိုအဖွဲ့နှင့်စိစစ်ပြီး နိုင်ငံသားဖြစ်ခွင့် သတ်မှတ်ပေးရသည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် ကာယကံရှင်အနေဖြင့် သက်ဆိုင်ရာမြို့နယ်ရုံးတွင် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့လျှောက်ထားရာတွင် ဥပဒေနှင့်ညီရန်လိုကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ထိုလူ ၃၀၀ ၏ စာရင်းရမည်ဆိုပါက သရက်မြို့နယ်ရုံးသို့မဟုတ် မိမိတို့ ဝန်ကြီးဌာနရုံးသို့ ပေးပို့ပေးရန် အကူအညီတောင်းခံလိုကြောင်း၊ ထိုသူများသည် ဥပဒေနှင့်ညီပါက ကတ်ပြားတစ်မျိုးမျိုးရရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး** က အထွေထွေကုန်ဈေးနှုန်း မြင့်တက်ခြင်းသည် စက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းကြောင့် အဓိကဖြစ်သည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၏ တက်ပြီးပြန်မကျသည့် ကုန်ဈေးနှုန်းသည် လက်ရှိအနေအထားအတိုင်း ဆက်ဖြစ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီဈေးနှုန်းကို အမှန်တကယ် လျှော့ချနိုင်သည့်ကုမ္ပဏီများကို ခွင့်ပြုပေးသင့်ကြောင်း၊ ကုန်ဈေးနှုန်း မြင့်တက်ခြင်းသည် အဂတိမှုများကြောင့်ဖြစ်သည်ဆိုသည့် အယူအဆများလည်းရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယင်းကိစ္စများနှင့် ပတ်သက်၍ မည်သို့အရေးယူဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မကြာခဏဖြေကြားခြင်းများ ဆောင်ရွက်နေကြောင်း၊ မိမိတို့အနေဖြင့် အဂတိလိုက်စားမှုသည် တိုင်ကြားမှုတိုင်းကို အရေးယူ၍ မရကြောင်း၊ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး မိမိအနေဖြင့် ယင်းဥပဒေအကြောင်းအရာများကို မဆွေးနွေးလိုကြောင်း၊ လူ့သဘောသဘာဝအရသာ ဆွေးနွေးလိုကြောင်း၊ လူတစ်ယောက်အား အဂတိလိုက်စားမှုရှိသည်ဟု စွပ်စွဲရန်လွယ်ကူကြောင်း၊ ထို့အတူ အဂတိလိုက်စားမှုရှိသည်ဟု ပြောဆိုရန်လည်းလွယ်ကူကြောင်း၊ သို့သော် အဂတိလိုက်စားမှုရှိသည်ဆိုသည့် သက်သေအထောက်အထားပြသရန် ခဲယဉ်းကြောင်း၊ အဂတိလိုက်စားမှုသည် စွပ်စွဲ၍အကောင်းဆုံး အကြောင်းခြင်းရာတစ်ခုလည်း ဖြစ်နေကြောင်း၊ အဂတိဆိုရာ၌ ငွေရေးကြေးရေးအရ ပြောခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယခင်ကဖြစ်စဉ်များကိုသာမက လက်ရှိတွင် မည်သည့်ဖြစ်စဉ်များကို အရေးယူပြီးဖြစ်သည်ကို သိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ဥပမာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဝန်ကြီးချုပ်တစ်ဦးကို အရေးယူထားကြောင်း၊ ဝန်ကြီးတချို့ကိုလည်း အရေးယူထားကြောင်း၊ မိမိပြောလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်ငြိစွန်းသည့် မည်သည့်ကိစ္စမဆို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း အဂတိလိုက်စားမှုလျှော့နည်းရေးဆိုသည်မှာ ဖြစ်နိုင်သော်လည်း အဂတိလိုက်စားမှုပပျောက်ရေးဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ မည်သည့်နိုင်ငံမှ ခြောက်ပြစ်ကင်းသဲလဲစင်ဟူ၍ မရှိကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း (ထားဝယ်)** က ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ရုရှားဘာသာကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည်ဟု သိရှိရကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍအတွက် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးအတွက် ရုရှားနှင့်မြန်မာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ မော်စကိုမြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် နိုင်ငံတကာခရီးသွားပြပွဲ (၂၀၁၅-၂၀၁၆)တွင် မြန်မာခရီးသွားလုပ်ငန်းရှင်များအသင်းက သွားရောက်ပြသခဲ့သကဲ့သို့ ၂၀၁၈ ခုနှစ်တွင်လည်း ဆောင်ရွက်သည်များရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် နိုင်ငံတကာခရီးသွားပြပွဲ (မော်စကို)တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ပြသရန် စီစဉ်ထားကြောင်း၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံမူဘောင်အောက်မှ အာဆီယံ-ရုရှား ခရီးသွားလာရေးညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံ-ရုရှားခရီးသွားလာမှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်အပါအဝင် (၁၂)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသားများအား ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့တို့တွင် ရုရှားဘာသာစကားပြောအခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တွင်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလာမှုညွှန်ကြားရေးဦးစီးဌာန ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စတင်ပြီး သင်တန်းသား ၅၀ ကို ရုရှားဘာသာစကား အခြေခံသင်တန်းဖွင့်လှစ်လျက်ရှိကြောင်း၊ မန္တလေးတွင်လည်း နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆိုပါရက်တွင် သင်တန်းသား ၆၀ အား တစ်ရက်လျှင် သုံးနာရီပို့ချပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်၌ ရုရှားဘာသာအခြေခံသင်တန်းကို စစ်တက္ကသိုလ်မှ ရုရှားဘာသာကျွမ်းကျင်သည့် နည်းပြများ၏ အကူအညီဖြင့် ယခုလ ၁၅ ရက်မှ စတင်၍ ခြောက်လသင်တန်းအား သင်တန်းသား ၅၀ ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရုရှားခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနိုင်ရန် ရုရှားဘာသာစကား ဧည့်လမ်းညွှန် ၈၉ ဦးအား မှတ်ပုံတင်ထားရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှားနိုင်ငံသို့သွားစဉ်တွင် ရုရှားနှင့်မြန်မာ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ရုရှားခရီးသွားများ မြန်မာနိုင်ငံကို ပိုမိုရောက်ရှိလာမည်ဖြစ်ကြောင်း၊ ရုရှားတို့အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်များဖြစ်သည့် ပင်လယ်ကမ်းခြေများကို သဘောကျ၍ နှစ်နိုင်ငံတိုက်ရိုက် လေကြောင်းလိုင်းပြေးဆွဲပြီး ခရီးသွားလာရေးမြှင့်တင်ရေးလုပ်ငန်းများနှင့်အတူ ရုရှားခရီးသွားများ မြန်မာနိုင်ငံကို ယခုနှစ်ကုန်ပိုင်းသို့မဟုတ် လာမည့်နှစ် နှစ်ဆန်းပိုင်းခန့်တွင် ပိုမိုဝင်ရောက်လာနိုင်မည်ဟုခန့်မှန်းကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်** က လက်ရှိတွင် နိုင်ငံတစ်ဝန်းအကြမ်းဖက်လူသတ်မှုများက နေ့စဉ်နှင့်အမျှ ကြားသိနေရကြောင်း၊ ယခု ပိုမိုအတင့်ရဲလာသည်မှာ လူအများရှိပါလျက် နေ့ခင်းတွင် သေနတ်ဖြင့် အကြမ်းဖက်ဝင်ရောက်ပစ်ခတ်ခဲ့သည့် သဃ်္ဃန်းကျွန်း လဝကရုံးဖြစ်စဉ်နှင့် သံဃာတော်များကို ဆွမ်းလောင်းရန် ချက်ပြုတ်နေသည့်လူများကို အကြမ်းဖက်ဖောက်ခွဲသည့် လုပ်ရပ်မျိုးများ၊ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများကို အပြစ်မရှိဘဲ ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်နေသည်မှာ နေ့စဉ် လစ်လျှင်လစ်သလို လုပ်ကြံသတ်ဖြတ်ခြင်းများကို ကြားသိနေရကြောင်း၊ ယခုဆိုလျှင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည်လည်း ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရဲရဲဝံ့ဝံ့မလုပ်ရဲသကဲ့သို့ ဖြစ်နေကြောင်း၊ ထိုသို့လက်နက်ဖြင့် အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ နည်းပါးလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးစီမံချက်များချမှတ်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် အစိုးရဌာနများ၌ ၎င်းတို့၏လုံခြုံရေးအတွက် လက်နက်တပ်ဆင်ပေးပြီး ဌာနများ၏ လုံခြုံရေးအတွက် သီးသန့်လက်နက် တပ်ဆင်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အကြမ်းဖက်နှိမ်နင်းရေးနှင့်ပတ်သက်ပြီး အထူးဆောင်ရွက်နေသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများနှင့် ပတ်သက်၍ ယခုလို သတင်းစာရှင်းလင်းပွဲတွင် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို ထုတ်ဖော်ပြောကြား၍မရကြောင်း၊ သို့သော် အထူးစီမံချက်ချ၍ ဆောင်ရွက်နေသည့် လုပ်ငန်းများရှိသည်ဟုသာ မိမိအနေဖြင့်အသိပေးလိုကြောင်း၊ အစိုးရဌာနများ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အဓိက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်ပါက အစိုးရဌာနများလုံခြုံရေးကို ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပေါင်းစပ်၍ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ပြန်လည်ဖြေကြားသည်။ ။

*စာမျက်နှာ ၉ မှ*

**“အမှောင်ခွင်း၍ အလင်းဆောင်အံ့”** ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်ကို အမှူကွန်းတင်ပေးခဲ့ပါသော ဆရာကြီး ဦးဝန်(မင်းသုဝဏ်)အား လည်းကောင်း၊ ထိုဆောင်ပုဒ်ကို “Light, where darkness was” ဟူ၍ ဘာသာပြန်ဆိုပေးခဲ့သော ဆရာကြီး ဦးခင်ဇော် (K) အားလည်းကောင်း၊ အထိမ်းအမှတ် (Logo) ကို ရေးဆွဲပေးခဲ့သော အလင်္ကာကျော်စွာဘွဲ့ရ ပန်းချီဆရာကြီး ဦးငွေကိုင်ကို လည်းကောင်း လေးစားရိုသေစွာ ဦးညွှတ် ဂါရဝပြုမိပါသည်။

ထိုဆရာကြီးများ၏ မူလကြွေးကြော်မှုအတိုင်း စာပေဗိမာန်သည် ယနေ့တိုင်အောင် စာပေတန်ဆောင် မီးရှူးရောင်ဖြင့် အမှောင်ခွင်း၍ အလင်းဆောင်ပေးနေသည်မဟုတ်ပါလော။ စာပေပန်းများပွင့်လန်းစေရန် ရေကြည်သွန်းဖျန်းနေဆဲ မဟုတ်ပါလော။

**ထွန်းလင်းနေဆဲ စာပေငွေလမင်းများ**

ကျွန်တော်သည် ၁၉၇၃ ခုနှစ်မှ ယနေ့ကာလအထိ စာပေဗိမာန်အဆောက်အဦနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်မှာ နှစ်ပေါင်း ၅၀ ခန့် ကြာမြင့်ခဲ့ချေပြီ။ ဝန်ထမ်းဘဝက ဘယ်နေရာသွားသွား ဘယ်ကပြန်လာလာ ရန်ကုန်ရောက်လျှင် စာပေဗိမာန်ကို အမြဲသွားခဲ့သည်။ ထို့အပြင် နှစ်ပေါင်းများစွာ ဤအဆောက်အဦကြီးမှာ ရုံးခန်းဖွင့်လှစ်နေထိုင်ခဲ့ရသည်ဖြစ်၍ စာပေဗိမာန်၏ အထက်ထပ်များသို့ ရောက်ရှိရန် စာပေဗိမာန်လှေကားများကို အကြိမ်ကြိမ်အဖန်ဖန် တက်ရောက်ခဲ့ဖူးသည်။

ထိုလှေကားထစ်များကို တက်ရလေတိုင်း သူငယ်ချင်း သန်းမောင်မောင်နှင့်အတူ ၁၉၇၄ ခုနှစ်က လှေကားကွေ့မှာ တွေ့ဆုံခဲ့ရသော ဆရာဦးမျိုးသန့် (မောင်ဆုရှင်) ကို သတိရသည်။ စာပေဆုများစွာကို အတူတကွ ရွေးချယ်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများကို အောက်မေ့သည်။ ဆရာမကြီး ဒေါ်ကြန်၊ မုံရွာဝင်းဖေ၊ ချို့မြနွယ် (မန်းတက္ကသိုလ်)၊ ကထိက ဒေါ်မြင့်သန်း၊ ဒေါ်စောမုံညင်း၊ ယုဝတီဒေါ်ခင်စိန်လှိုင် အစရှိသော ဆရာကြီး ဆရာမကြီးများအပြင် စာပေဥက္ကဋ္ဌကြီးများအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဆရာ ဦးကျော်အောင်၊ ဆရာဦးလှမြိုင် (ကိုဆောင်း)၊ ဆရာ မနုဿကျော်ဝင်းတို့ကို မြင်ယောင်မိသည်။

ငယ်နုစဉ်ကာလက စာပေဗိမာန်လှေကားများကို တက်ရဆင်းရသည်မှာ စာပေဇောကြောင့် မောသည်မထင် ပန်းသည်မမြင်ခဲ့သည်မှာအမှန်ပါ။ သို့သော်လည်း ယခုလို နုပျိုမှုတွေ တစ်စတစ်စလျော့ကျလာသည့်အရွယ်မှာတော့ ငယ်စဉ်ကလောက် သွက်သွက်လက်လက်မရှိတော့ပေ။

ထိုသို့ဖြစ်စေကာမူ စာပေဗိမာန် လှေကားများကို တက်ရောက်ရသည့်အခါတိုင်း လှေကားထိပ်သို့ မှန်းမျှော်ကြည့်မိသည်။ စာပေဗိမာန်ဝန်းကျင်မှာ တစ်ချိန်က လင်းလက်တောက်ပခဲ့သော စာပေငွေလမင်းကြီးများသည် တက်ရောက်လာသူတို့ကို မေတ္တာဖြင့် နွေးထွေးစွာငုံ့ကြည့်နေဆဲပင်ဟု ထင်မိ၏။

ထိုအခါ ဘယ်လောက်ပင်မောမော အမောများ ပြေပါ၏။ စာပေပညာရှင်ငွေလမင်းတို့၏ အငွေ့အသက်ကား ရေခံမြေခံကောင်းလှသော စာပေဗိမာန် အဆောက်အဦဝန်းကျင်၌ ဘယ်သောအခါမှ ပျောက်ကွယ်၍သွားနိုင်မည်မဟုတ်ပေ။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၂၅ | ၂၆၂၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၀၀ | ၂၉၈၅ |
| 95 Ron | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၀ | ၂၆၃၅ | ၂၆၂၀ | ၂၆၀၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၂၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၇၀ | ၃၀၅၀ |
| HSD (500 ppm) | ၃၂၂၅ | ၃၂၇၅ | ၃၂၆၅ | ၃၂၃၅ | ၃၂၇၀ | ၃၂၉၅ | ၃၂၉၀ | ၃၂၆၀ | ၃၃၇၀ | ၃၃၆၅ | ၃၂၆၅ | ၃၂၇၀ | ၃၃၁၀ | ၃၃၁၀ | ၃၃၁၀ | ၃၅၃၀ | ၃၄၈၀ |
| HSD (50 ppm) | ၃၃၀၅ | ၃၃၅၅ | ၃၃၅၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၄၀ | ၃၄၅၀ | ၃၄၄၅ | ၃၃၄၅ | ၃၃၅၅ | ၃၃၉၀ | ၃၃၉၀ | ၃၃၉၀ | ၃၆၁၀ | ၃၅၁၅ |
| HSD (10 ppm) | ၃၃၀၅ | ၃၃၅၅ | ၃၃၅၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၄၀ | ၃၄၅၀ | ၃၄၄၅ | ၃၃၄၅ | ၃၃၅၅ | ၃၃၉၀ | ၃၃၉၀ | ၃၃၉၀ | ၃၆၁၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၈၂ | ၂၄၆၄ |
| 95 Ron | ၂၄၅၃ | ၂၅၃၅ |
| HSD (500 ppm) | ၃၀၉၃ | ၃၁၈၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၆၃ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၅

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံ ရပ်ကွက်နေ ခင်နန္ဒာလှိုင်သည် ၎င်းအသုံးပြုသည့် “Khin Nanndar Hlaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော် မြို့နယ် အမှတ် (၉) ရပ်ကွက်နေ မျိုးဝင်းကျော် (ခ) မျိုးမျိုးသည် ၎င်းအသုံးပြုသည့် “Myo Myo” Facebook အကောင့်၊ ဒေါပုံမြို့နယ် ဗိုလ်မင်းဖံရပ်ကွက်နေ ကျော်စွာထက်(ခ) ပေါ်လာနှင့် ရဲနောင်ထွန်းတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Paw Lar” Facebook အကောင့် နှင့် “Ye Naung Htun” Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉) ရပ်ကွက်နေ နေလင်းအောင်သည် ၎င်းအသုံးပြုသည့် “Nay Linn Aung” Facebook အကောင့်နှင့် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်နေ အောင်စိုးမင်း(ခ) မင်းမင်းသည် ၎င်းအသုံးပြုသည့် “Min Min” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

*❍ ကျောဖုံးမှ*

အား/ကာသိပ္ပံအသင်းအား မြဝတီကို ကစားခဲ့သည့်ပုံစံအတိုင်း ကွင်းလယ်အသာစီးရယူကာ ကစားခဲ့ပြီး ပထမပိုင်းကတည်းက သုံးဂိုးသွင်းယူနိုင်ခြင်းကြောင့်လည်း အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ယခုရာသီတွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် အား/ကာသိပ္ပံအသင်းမှာမူ ယခုပွဲတွင် ပုံစံကောင်းမပြသနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းမှာမူ ကွင်းလယ်ကစားသမား လှိုင်းဘိုဘို ပြန်ပါလာပြီးနောက်ပိုင်း ကွင်းလယ်ကစားပုံ သိသိသာသာကောင်းမွန်လာကာ ယခုပွဲတွင်လည်း ကွင်းလယ်ထိန်းချုပ်နိုင်သဖြင့် အား/ကာသိပ္ပံကို အသာရခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် တောင်ပံကစားသမား ရဲရင့်အောင်၏ တိုးအားများမှာလည်း ရတနာပုံတိုက်စစ်ကို များစွာ အထောက်အကူဖြစ်ခဲ့ပြီး ၎င်းအနေဖြင့် တစ်ဂိုးသွင်း၊ နှစ်ဂိုး ဖန်တီးပေးခဲ့သည်။ ပွဲအစ သုံးမိနစ်မှာပင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး ရဲရင့်အောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် သက်နိုင်က အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၃၁ မိနစ်တွင် သက်နိုင်နှင့် ၄၄ မိနစ်တွင် ရဲရင့်အောင်တို့က ဂိုးများ ထပ်မံသွင်းယူကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ် ဦးဆောင်နေသည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲတွင် ပုံမှန်ခြေစွမ်းမပြသနိုင်ခဲ့သလို ပွဲအစတွင် ဂိုးပေးလိုက်ရခြင်းကြောင့်လည်း ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများစွာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ကြည်စိုးက သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက ၁၉ မှတ်၊ မြဝတီအသင်းက ၁၈ မှတ်၊ ရတနာပုံ၊ ရှောဝတီနှင့် အား/ကာသိပ္ပံအသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ကိုးမှတ်၊ GFA အသင်းက ခြောက်မှတ် ရရှိထားကာ ရခိုင်အသင်းမှာမူ ကိုးပွဲစလုံး ရှုံးပြီး အမှတ်မရသေးပေ။

ရဲရင့်လွင်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် လူပေါင်း ၉၀၃ ဦး သေဆုံး

**အစ္စလမ္မာဘတ် ဩဂုတ် ၂၅**

**မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရုတ်တရက်ရေကြီးရေလျှံမှုများသည် ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ကတည်းကဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၉၀၃ ဦးသေဆုံးခဲ့ပြီး ၁၃၀၀ ကျော်ဒဏ်ရာရရှိခဲ့ကာ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဩဂုတ် ၂၅ ရက်က ပြောကြားလိုက်သည်။**

နိုင်ငံ၏ ဒေသအတော်များများတွင် မိုးနှင့်ဆက်စပ်သည့် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း လူ ၇၀ ကျော် သေဆုံးခဲ့ပြီး အိမ်ခြေပေါင်း ၈၂၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း အင်န်ဒီအမ်အေ၏ စာရင်းများအရ သိရသည်။

ထူးထူးခြားခြား ရေကြီးမှုများကို ဖြစ်စေသည့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားပြီးနောက် ဖြစ်ပေါ်လာသော အခြေအနေများကို ဖြေရှင်းရန် ပါကစ္စတန်နိုင်ငံက နိုင်ငံတကာ အသိုင်းအဝိုင်းကို ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပြောကြားလိုက်သည်။

လတ်တလော ဖြစ်ပွားနေသော ရာသီဥတုကပ်ဘေးကြောင့် လူသားချင်းဆိုင်ရာ အကူအညီပေးရေး ကြိုးစားဆောင်ရွက်မှုများတွင် နိုင်ငံတကာနှင့် အမျိုးသားရေး ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိကြောင်း၊ အစားအစာနှင့် နားခိုရာနေရာများသာမက ကယ်ဆယ်ရေးလုပ်ငန်းများလည်း လိုအပ်လျက်ရှိကြောင်း ပါကစ္စတန်ရာသီဥတုပြောင်းလဲရေးဝန်ကြီး ရှာရီ ရာမင်န်က ပြောသည်။

နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်သည် သဘာဝဘေးဒုက္ခကို ခံစားခဲ့ရသည့် အဆိုးဆုံးပြည်နယ်တစ်ခုဖြစ်ပြီး လူပေါင်း ၂၉၃ ဦး သေဆုံးခဲ့ကြောင်း၊ ထို့နောက် အနောက်တောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သည့် ဘလိုချီစတန်ပြည်နယ်သည် သဘာဝဘေးဒုက္ခကို ခံစားခဲ့ရသည့် ဒုတိယအဆိုးဆုံးပြည်နယ်တစ်ခုဖြစ်ကာ လူပေါင်း ၂၃၀ သေဆုံးခဲ့သည်။

ထို့အပြင် အနောက်မြောက်ပိုင်း ခေဘာပခ်ွန်ခွာပြည်နယ်တွင် သေဆုံးသူ ၁၆၉ ဦးနှင့် အရှေ့ပိုင်းပန်ဂျပ်ပြည်နယ်တွင် သေဆုံးသူ ၁၆၄ ဦး ရှိဖြစ်ကြောင်း သိရသည်။



ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဟိုက်ဒရာဘတ်၌ ဩဂုတ် ၂၃ ရက်က ရေကြီးရေလျှံဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

ရေကြီးရေလျှံဖြစ်ပွားမှုများကြောင့် ပါကစ္စတန်နိုင်ငံတစ်ဝန်း အိုးအိမ်ပေါင်း ၄၉၅၀၀၀ ကျော် ပျက်စီးခဲ့သည်။

ဆင်ဟွာ

## ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ယူနန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းဝင်ငွေသည် ယွမ် ၅၀၀ ဘီလီယံနီးပါးရရှိ

**ကူမင်း ဩဂုတ် ၂၅**

တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ယခုနှစ်ပထမခုနစ်လအတွင်း ခရီးသည် ၄၃၉ သန်း လည်ပတ်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ကြောင်း ဩဂုတ် ၂၅ ရက်တွင် ထုတ်ပြန်သည့် သတင်းစာရှင်းလင်းပွဲ တစ်ခုမှ သိရသည်။

ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ခရီးသွားလုပ်ငန်းဝင်ငွေသည် ယွမ် ၄၉၅ ဒသမ ၆၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၃၂ ဘီလီယံခန့်) ရှိကြောင်း ပြည်နယ်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဦးစီးဌာနက ပြောကြားသည်။

ပြည်နယ်အစိုးရသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ယခုနှစ်အစပိုင်းမှစတင်၍ ခရီးသွားလက်မှတ်များ ဖြန့်ဝေခြင်း၊ ခရီးသွားဈေးကွက်ပြန်လည်ကောင်းမွန်လာရေး မြှင့်တင်ခြင်း၊ ကောင်းမွန်သော မူဝါဒများကို ဆက်တိုက်ချမှတ်ခဲ့ကြောင်း ဌာနညွှန်ကြားရေးမှူး Zhao Guoliang ကပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ အခြေအနေနှင့် မူဝါဒများ၏ အကျိုးသက်ရောက်မှုများနှင့် အတူ ဇူလိုင်လတစ်ခုတည်းတွင် ယူနန်ပြည်၏ ခရီးသွားများ လည်ပတ်မှုနှင့် ခရီးသွားဝင်ငွေသည် ၅၀ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကြောင်း၊ ယူနန်ပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုနှင့် ခရီးသွားလာရောက်မှု ဝင်ငွေသည် ၅၀ ဒသမ ၃ ရာခိုင်နှုန်း တိုးလာပြီး တစ်နှစ်ထက်တစ်နှစ် ၅၄ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း Zhao က ဆက်လက်ပြောကြားသည်။

ယူနန်ပြည်နယ်၌ လီဂျန်းမြို့ဟောင်းနှင့် Hani ဆန်စပါးခင်းများကဲ့သို့ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာ ငါးခု အပါအဝင် ကြွယ်ဝသော ခရီးသွားလုပ်ငန်း အရင်းအမြစ်များရှိကြောင်း သိရသည်။

ဆင်ဟွာ

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၃၉၇ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဩဂုတ် ၂၅**

စင်ကာပူနိုင်ငံ၌ ဩဂုတ် ၂၅ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၃၉၇ ဦး တွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၈၂၇၂၂၉ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ပီစီအာနည်းဖြင့် ရောဂါ စစ်ဆေးတွေ့ရှိသူ ၂၄၅ ဦးရှိပြီး အေအာတီနည်းဖြင့် ရောဂါပိုး တွေ့ရှိသူ ၂၁၅၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ သိရသည်။ စင်ကာပူနိုင်ငံတွင် ပီစီအာနည်းဖြင့် ရောဂါပိုး တွေ့ရှိသူများအနက် ၂၁၉ ဦးမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၂၆ ဦးမှာ ပြည်ပပြန်ကူးစက်မှုများဖြစ်ကြောင်း သိရသည်။

အေအာတီနည်းဖြင့် ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိသူများအနက် ဒေသတွင်းကူးစက်ခံရသူ ၂၀၄၆ ဦးရှိပြီး ၁၀၆ ဦးမှာ ပြည်ပပြန်ကူးစက်ခံရသူများဖြစ်ကြောင်း ၎င်းတို့မှာ ရောဂါ မပြင်းထန်ကြောင်း သိရသည်။ လက်ရှိတွင် စင်ကာပူနိုင်ငံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၂၉၇ ဦးရှိပြီး ခြောက်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်းသိရသည်။


ဆင်ဟွာ

## လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၀၀၀ ကျော်ရှိလာ

**ဗီယန်ကျင်း ဩဂုတ် ၂၅**

လာအိုနိုင်ငံ၌ ပထမရှစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ အရေအတွက်မှာ ၂၀၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန က ထုတ်ပြန်ထားသည်။

လာအို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ သတင်းအချက်အလက်နှင့် ပညာရေးစင်တာမှ ထုတ်ပြန်သော အစီရင်ခံစာတွင် နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၂၂၄ ဦးရှိပြီး စုစုပေါင်း ကူးစက်ခံရသူ ၂၀၁၃၅ ဦးနှင့် သေဆုံးသူ ၁၇ ဦးရှိကြောင်း မှတ်တမ်းတင်ထားသည်။



မြို့တော် ဗီယန်ကျင်းတွင် ကူးစက်ဖြစ်ပွားသူ ၁၀၁၉၀ ရှိရာ သွေးလွန်တုပ်ကွေး ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ပြီး လွမ်နမ်သာမြို့တွင် ကူးစက်သူ ၂၅၉၄ ဦးနှင့် အက်တက်ဖူပြည်နယ်တွင် ကူးစက်သူ ၁၂၆၁ ဦးရှိကြောင်း သိရသည်။

ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် နေအိမ်နှင့် လုပ်ငန်းခွင်များတွင် ဖြစ်နိုင်ခြေရှိသော ခြင်ပေါက်ပွားရာ နေရာများကို ရှင်းလင်းရန် ပြည်သူများအား တိုက်တွန်းထားသည်။

အကယ်၍ လူများဖျားနာပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်သည်ဟု သံသယရှိကာ ဆေးရုံတွင် သွေးစစ်သင့်သည်ဟု လာအိုကျန်းမာရေးဝန်ကြီးဌာန က ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## စပိန်နိုင်ငံ၌ ၂၀၂၂ ခုနှစ် နွေရာသီသည် နှစ်ပေါင်း ၂၀ အတွင်း အပူဆုံးနှင့် သေဆုံးမှုအများဆုံးဖြစ်

**ဘာစီလိုနာ ဩဂုတ် ၂၅**

အပူနှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် လူထောင်ချီသေဆုံးခဲ့သောကြောင့် စပိန်နိုင်ငံသည် ၂၀၂၂ ခုနှစ် နွေရာသီသည် နှစ်ပေါင်း ၂၀ အတွင်း အပူဆုံးနှင့် သေဆုံးမှုအများဆုံးကာလတစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့သည်။

စပိန်နိုင်ငံ၏ နေရာအတော်များများတွင် ဖြစ်ပွားခဲ့သော အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယက်စ်ရှိခဲ့သော အပူလှိုင်းသည် ဇူလိုင် ၉ ရက်မှ ဇူလိုင် ၂၆ ရက်အထိ ကြာမြင့်ခဲ့ပြီး ဇူလိုင်လအတွင်း လူပေါင်း ၁၁၂၆၄ ဦး သေဆုံးခဲ့သည်။

အသက်အန္တရာယ်အများဆုံးရင်ဆိုင်ခဲ့ရသူများမှာ အလွန်ငယ်ရွယ်သော ကလေးငယ်များနှင့် နာတာရှည် အသက်အရွယ်ကြီးရင့်သူများ သို့မဟုတ် အပူဒဏ်မရှောင်နိုင်သူများဖြစ်ကြသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃၄၆ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း ဩဂုတ် ၂၅**

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၂၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃၄၆ ဦး ထပ်မံတွေ့ရှိလာရာ ဩဂုတ် ၂၄ ရက်က ကူးစက်မှုထက် ၂၄၅ ဦး လျော့နည်းလာကြောင်း၊ ထပ်မံကူးစက်ခံရသူများမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၁၃၉၆၂၀၅ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါရောဂါဖြင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိလာပြီး သေဆုံးသူစုစုပေါင်း ၄၃၁၁၀ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၂၅ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစား ရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်နေသူ ၁၃၉ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ နိုင်ငံ တစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၀၁၁၆၈၂၇ ဦးရှိကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၂၁၇ ဒသမ ၈ သန်းအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၅၄ ဒသမ ၆ သန်းထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဩဂုတ် ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၄၄ ရာခိုင်နှုန်းရှိ

(၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၄၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၄) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦးအနက် (၆) ဦး၊ (၁၈.၁၈) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၇) ဦး၊ (၈၁.၈၂) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၂၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၆) ဦး | (၁၈.၁၈) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၇) ဦး | (၈၁.၈၂) % |
| စုစုပေါင်း | (၃၃) ဦး | (၁၀၀) % |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၉၉,၃၁၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၈၄၄) ဦး ရှိပြီ ဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၃၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါ သည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယ ဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက် ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့် အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေ သော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ် ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



နေပြည်တော် ဩဂုတ် ၂၅

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၄နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၆) မြို့နယ်၌ ဒေသခံပြည်သူ ၃၀၃၀၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ဒေသခံပြည်သူ ၂၆၀၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၁၆၅၁၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူမြို့နယ်နှင့် ပဲခူးမြို့နယ်၌ ဒေသခံပြည်သူ ၂၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၇၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၁၇၉၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး တတိယအကြိမ် ကွင်းဆင်းထိုးနှံပေး

လှည်းကူး ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေရန် ရည်ရွယ်၍ အသက် ၁၅ နှစ်မှ ၁၈ နှစ်နှင့်အထက် ဒေသနေပြည်သူများ၊ သံဃာတော်များ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံပေးခြင်းနှင့် တစ်ကြိမ်တစ်ခါမျှ ကာကွယ်ဆေးမထိုးရသေးသော ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ် ၂၂ ရက်က အပိုင်းကျေးရွာအုပ်စုတွင် တာဝန်ရှိသူများက ကွင်းဆင်းထိုးနှံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်စုတာဝန်ရှိသူများက ကာကွယ်ဆေးထိုးရန်လာရောက်သည့် ပြည်သူများအား စာရင်းရေသွင်းပေးခြင်းနှင့် မှတ်တမ်းကောက်ယူခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးသည်။

ထို့နောက်ကျန်းမာရေးဝန်ထမ်းများက အသက် ၁၅ နှစ်မှ ၁၈ နှစ်နှင့်အထက် ဒေသနေပြည်သူမျာကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အေးအေးနွဲ့(ပြန်/ဆက်)**



# တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ်မှ တစ်နှစ်အတွင်း တန်ချိန်တစ်သောင်းကျော် ကုန်စည်ကူးသန်း

**ရန်ကုန် ဩဂုတ် ၂၅**

တရုတ်- မြန်မာ- အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းသစ် (ရန်ကုန်-လင်ချန်း-ချန်တူး) ရေကြောင်း၊ ကားလမ်း၊ရထားလမ်း ပူးတွဲသယ်ယူပို့ဆောင်ရေး စတင်ဆောင်ရွက်သည့် တစ်နှစ်တာကာလအတွင်း သယ်ယူပို့ဆောင်ရေး အခေါက်ရေ ၁၄ ကြိမ်ခန့်ရှိလာပြီး စုစုပေါင်းကုန်စည် တန်ချိန် ၁၀၅၀၀ ခန့် ကူးသန်းခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သိရသည်။

သယ်ယူမှုအခေါက် ၁၄ ကြိမ်မှ ကုန်စည်တန်ဖိုးမှာ ယွမ်သန်း ၂၀၀ နီးပါး ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လက တရုတ်- မြန်မာ - အိန္ဒိယသမုဒ္ဒရာ လမ်းကြောင်းသစ်ကို စမ်းသပ်စတင်ခဲ့ကြောင်း၊ ပထမဆုံး ကွန်တိန်နာကို စင်ကာပူနိုင်ငံမှ စတင်ပို့ဆောင်ထားကြောင်း သိရသည်။

နိုင်ငံတကာ ကုန်စည်များသည် မြန်မာနိုင်ငံ၏ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး မော်တော်ကားလမ်း ပို့ဆောင်ရေးဖြင့် မြန်မာနိုင်ငံအထက်ပိုင်းမှတစ်ဆင့် ချင်းရွှေဟော်နယ်စပ်မှ လင်ချန်းသို့ရောက်ရှိကာ ထိုမှတစ်ဆင့် အထူး မီးရထားပို့ဆောင်ရေးဖြင့် ချန်တူး အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ပို့ဆောင်ရောက်ရှိခြင်းဖြစ်သည်။ **သီရိ**



# ပြောင်းတင်ပို့မှု အခွင့်အလမ်းများ ပိုမိုအားကောင်းရန် ကုန်သည်များ မျှော်လင့်နေ

**ရန်ကုန် ဩဂုတ် ၂၅**

ပြောင်းတင်ပို့မှု ပိုမိုအားကောင်းလာစေရန်နှင့် ပြည်တွင်း ပြောင်းလက်ကျန် များပြားမှုမရှိစေရေးအတွက် ပြောင်းတောင်သူများနှင့် ကုန်သည်များက မျှော်လင့်နေကြကြောင်း သိရသည်။ အထူးသဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရာတွင် တင်ပို့ရမည့် လက်ကျန်ရက်မတိုင်မီ အချိန်မီတင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

"ပြောင်းကို ထိုင်းဘက် တင်ပို့တဲ့အခါ ဒီလနောက်ဆုံးထားပြီး တင်ပို့ရမှာမို့ ပို့ကုန်သမားတွေက အားထားပြီး လုပ်ဆောင်နေပါတယ်။ ပြောင်းက ဒီနှစ် ဈေးနှုန်းထင်သလောက် မရရှိပါဘူး။ ဒီတော့ ကုန်သည်နဲ့ ဒိုင်သမားတွေ၊ တောင်သူတွေက ဈေးနှုန်းအတက်ကို စောင့်နေကြပါတယ်။ တစ်ဖက်မှာလည်း ထိုင်းနိုင်ငံက ပြောင်းတင်ပို့တာတွေကို စက်တင်ဘာကနေ ဖေဖော်ဝါရီအထိ ငါးလပိတ်တာရှိတယ်။ ဒါကြောင့် ဒီလမကုန်ခင် အများအပြားတင်ပို့နိုင်ဖို့ ကုန်သည်တွေကလည်း ကြိုးစားနေကြတာပါ"ဟု ပြောင်းကုန်သည် ဦးသန်းဦးက ပြောကြားသည်။

ပို့ကုန်တင်ပို့ရာတွင် လိုအပ်သည့် လိုင်စင်ရရှိမှု၊ တင်ပို့မှု အစီအစဉ်များကို ယခုထက်ပိုမို၍ သိနားလည်လာပါက ပိုမိုမြန်ဆန်စွာတင်ပို့နိုင်မည်ဟု ယူဆရပြီး လက်ရှိတွင် ပြည်တွင်း ပြောင်းလက်ကျန် တန်ချိန် နှစ်သိန်းဝန်းကျင်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် ပြောင်းဈေးနှုန်းများမှာ မြန်မာပြောင်း ၅၄ ပိဿာတစ်အိတ် ကျပ် ၄၄၀၀၀ ဝန်းကျင်၊ ရှမ်းပြောင်း ၅၄ ပိဿာ တစ်အိတ် ကျပ် ၄၆၀၀၀၊ စီပီပြောင်း ၅၄ ပိဿာ တစ်အိတ် ကျပ် ၄၆၀၀၀ ဝန်းကျင်ရှိနေသည်။ ရန်ကုန်ဈေးကွက်၌ ပြောင်းဈေးမှာ တစ်ပိဿာ ကျပ် ၉၅၀ နှင့် မန္တလေးဈေးကွက်၌ ကျပ် ၈၆၀ နှုန်း ရှိနေသည်။ **ကိုရိုး**

# ပြည်တွင်းကုန်စည်ပို့ဆောင်ရေး ဈေးနှုန်းများမြင့်တက်

**ရန်ကုန် ဩဂုတ် ၂၅**

ဒေသထွက်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် စက်သုံးဆီဈေးနှုန်းမြင့်မားသဖြင့် သယ်ယူစရိတ်များလည်း မြင့်တက်လျက်ရှိကြောင်း ကုန်သည်နှင့် တွဲကားမောင်းသူများထံမှ သိရသည်။

"စက်သုံးဆီဈေးက မြင့်နေတဲ့အတွက် သယ်ယူစရိတ်တွေကလည်း ပြီးခဲ့တဲ့လကထက် ပိုပြီးမြင့်လာတာကို တွေ့ရပါတယ်။ ဈေးနှုန်းတွေက ကုန်စည်ရဲ့ အလေးချိန်အလိုက် ယူကြတာများတယ်။ လောလောဆယ် ဈေးကွက်ပေါက်ဈေးအရ ရန်ကုန်ကနေ မြစ်ကြီးနားဆိုရင် တစ်တန်ကို ကျပ် ၉၄၀၀၀ လောက် ယူကြတယ်။ ရန်ကုန်-အောင်ပန်းက တစ်တန်ကို ကျပ် ၃၆၀၀၀၊ ရန်ကုန်-နောင်တရားက တစ်တန်ကို ကျပ် ၃၈၀၀၀၊ရန်ကုန်-တောင်ကြီးက ကျပ် ၃၇၀၀၀၊ ရန်ကုန်-မန္တလေးက တစ်တန်ကို ကျပ် ၃၄၀၀၀၊ ရွှေပြည်သာ-ဆိုက်ခေါင်က တစ်တန်ကို ကျပ် ၄၁၀၀၀ ဝန်းကျင်လောက် ဈေးနှုန်းရှိကြတယ်။ ဒါကတော့ ဒီရက်ပိုင်းဈေးနှုန်းတွေပါ။ စက်သုံးဆီဈေးအပေါ်မူတည်ပြီး ပြောင်းလဲမှုတွေရှိတယ်။ အခုရက်ပိုင်းကတော့ နယ်စပ်ပို့ကုန်အသွားနည်းပြီး ပြည်တွင်း ကုန်စည်သယ်ယူတာ ပိုများတယ်" ဟု သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဝန်ဆောင်သူတစ်ဦးက ပြောသည်။



ထို့အတူ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် မြဝတီကုန်သွယ်ရေးဇုန် အာရှလမ်းမကြီးပေါ်တွင်လည်း မော်တော်ယာဉ်များ ညအိပ်ရပ်နားခွင့်မပြုတော့ကြောင်းနှင့် RO မရရှိဘဲ မော်တော်ယာဉ်များ အာရှလမ်းမကြီးပေါ် သွင်းကုန်/ပို့ကုန် ယာဉ်များ အစစ်ဆေးခံရန် ကြိုတင်တန်းစီနေရာယူခြင်း မပြုရန် ညွှန်ကြားထားသဖြင့် မြဝတီအတက်အဆင်း ကုန်တင်ကားငှားရမ်းခများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာနိုင်ကြောင်း ယာဉ်မောင်းများထံမှ သိရသည်။ **ကိုရိုး**

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ကုန်သည်များအတွက် Tradenet 2.0 အသုံးပြုနည်းသင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၅**

ကုန်သည်နှင့် လုပ်ငန်းရှင်များအတွက် Tradenet 2.0 စနစ်အသုံးပြုနည်းသင်တန်း (၄/၂၀၂၂) ကို သင်တန်းသားဦးရေ ၅၀၀ ဖြင့် စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ပို့ကုန်သွင်းကုန် လုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာသိကောင်းစရာ၊ Tradenet 2.0 စနစ်နှင့် HS Code များအကြောင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များ (မူဝါဒနှင့် စနစ်အသုံးပြုပုံ)၊ ကုန်သွယ်မှုဆိုင်ရာ ငွေပေးသွင်းမှု (e-Commerce pay)၊ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်၊ ပသကနှင့် ဆက်စပ်ကတ်များ (မူဝါဒနှင့် စနစ်အသုံးပြုပုံ)စသည်တို့ကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရန် ဩဂုတ် ၂၆ ရက်နောက်ဆုံး စာရင်းပေးသွင်းရမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်သုံးသောင်းဖြစ်သည်။ လျှောက်လွှာများကို dottraining2015@gmail.com တွင် လက်ခံနေပြီး လျှောက်လွှာနှင့်အတူ ကုမ္ပဏီထောက်ခံချက်ပုံစံလည်း ပူးတွဲပေးပို့ရမည်ဖြစ်သည်။ သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၈၄၁၂၊ ၀၆၇-၄၀၈၂၄၁၊ ၀၆၇-၄၀၈၄၈၅ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုရိုး**

# တစ်ပတ်အတွင်းကုန်စည်ဈေးကွက်

ယခုတစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ဆန်၊ ကြက်သွန်နီနှင့် ကုလားပဲဈေးများ အနည်းငယ်မြင့်တက်လာခဲ့ပြီး အာလူး၊ ကြက်သွန်ဖြူ၊ စားအုန်းဆီ၊ မတ်ပဲနှင့် ပဲစင်းငုံတို့မှာ ဈေးနှုန်းပြန်လည်ကျဆင်းလာခဲ့သည်။

### ဆန်

သီတင်းတစ်ပတ်အတွင်း ရန်ကုန်ဆန်ဈေးကွက်၌ ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ရွှေဘိုပေါ်ဆန်း တစ်အိတ် ကျပ် ၈၅၀၀၀ မှ ၉၃၀၀၀၊ ပုသိမ်-မြောင်းမြပေါ်ဆန်း တစ်အိတ် ကျပ် ၇၀၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်အိတ် ကျပ် ၆၈၀၀၀၊ ပေါ်ကျွဲတစ်အိတ် ကျပ် ၅၃၀၀၀၊ ရက် ၉၀ ဆန်ကြမ်း တစ်အိတ်ကျပ် ၅၀၀၀၀၊ သီးထပ်တစ်အိတ် ကျပ် ၄၂၀၀၀ အသီးသီး ရှိလာသည်။ ဩဂုတ် ၂၄ ရက်တွင် အိမ်အရောက်ပို့ လက်လီ ၂၄ ပြည် ဆန်တစ်အိတ်ဈေးမှာ မြောင်းမြပေါ်ဆန်း ကျပ် ၇၅၀၀၀၊ ဖျာပုံ ကျပ် ၇၂၀၀၀ စသည်ဖြင့် ရှိသည်။

### ကုလားပဲ၊ မတ်ပဲနှင့် ပဲစင်းငုံ

ဩဂုတ် ၂၄ ရက်က ရန်ကုန်ပဲဈေးကွက်အတွင်း မတ်ပဲ FAQ/RC တစ်တန်လျှင် ကျပ် ၁၈၄၀၀၀၀၊ SQ/RC တစ်တန်လျှင် ကျပ် ၂၁၄၀၀၀၀၊ ပဲစင်းငုံနီ Red/RC တစ်တန် ကျပ် ၁၉၃၅၀၀၀ နှုန်းရှိလာသည်။ မတ်ပဲ တစ်တန်တွင် ကျပ် ၃၅၀၀၊ ပဲစင်းငုံ တစ်တန်တွင် ကျပ် ၃၅၀၀၀ ဈေးကျလာခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၂၄ ရက် ကုလားပဲခြမ်း တစ်ပိဿာဈေးမှာ ကျပ် ၄၂၀၀-၄၄၀၀ ရှိပြီး ဈေးထပ်မံမြင့်တက်လာသည်။

### စားအုန်းဆီ

ဩဂုတ် ၂၂ရက်မှ ၂၈ ရက်အထိ အထိုင်လက်ကားရည်ညွှန်းဈေးအရ စားအုန်းဆီတစ်ပိဿာ ကျပ် ၄၈၆၀ ဖြစ်လာရာ ယခင်အပတ်ထက် တစ်ပိဿာ ကျပ် ၇၂၀ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန် ပြင်ပဆီဈေးကွက်တွင်မူ ပြီးခဲ့သည့်အပတ်က လက်ငင်းအလှယ်တစ်ပိဿာ ကျပ် ၁၀၀၀၀ နှုန်းရှိရာမှ ယခုအပတ်တွင် ကျပ် ၉၄၀၀-၉၃၀၀ ဖြစ်လာခဲ့သည်။



### ကြက်သွန်နီ/ကြက်သွန်ဖြူ/အာလူး

ယခုလ ၂၃ ရက်က ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၁၂၀၀၀၀၊ ၂၄ ရက်က ပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်လာခဲ့သည်။ ဈေးနှုန်းများ တည်ငြိမ်နေကာ လက်ရှိတွင် ဆိပ်ဖြူလက်ကား တစ်ပိဿာလျှင် ကျပ် ၂၃၀၀ မှ ၂၉၀၀၊ မုံရွာတစ်ပိဿာလျှင် ကျပ် ၂၄၅၀ မှ ၃၀၀၀ နှုန်း ရှိနေသည်။ ကြက်သွန်ဖြူဈေးနှုန်းများမှာ ရှမ်းအောင်ပန်း ကြက်သွန်ဖြူ တစ်ပိဿာ ၂၄၀၀ -၄၀၀၀ ကျပ်၊ ကြူကုတ် ၃၈၅၀ ကျပ်ဖြစ်သည်။ အာလူးမှာမူ တရုတ်အာလူးသဲသီး တစ်ပိဿာ ကျပ် ၂၀၅၀၊ ရေဆေးသီး ကျပ် ၁၉၅၀ နှင့် ရှမ်းအောင်ပန်း ကျပ် ၁၄၅၀-၂၂၀၀ ဈေးရှိသည်။ **အောင်ခင်နိုင်**

# ဂျာကာတာ–ဘန်ဒေါင်း မြန်နှုန်းမြင့်ရထား ယခုလကုန်တွင် ဂျာကာတာဆိပ်ကမ်းသို့ရောက်ရှိမည်




**ဂျကာတာ ဩဂုတ် ၂၅**

ဩဂုတ်လ ၂၁ ရက်က တရုတ်နိုင်ငံမှ တင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ–ဘန်ဒေါင်း မြန်နှုန်းမြင့် ရထား၏ ပထမဆုံးအသုတ် မြန်နှုန်းမြင့် Multiple Unit နှင့် ဘက်စုံစစ်ဆေးရေး ယာဉ် (Comprehensive Inspection Train) ကို ချင်းတောင်ဆိပ်ကမ်း၌ သင်္ဘောတင်ဆောင်ခဲ့ပြီး ဩဂုတ်လကုန် တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ ဆိပ်ကမ်းသို့ ရောက်ရှိမည်ဟု ခန့်မှန်း ထားသည်။

ယင်းသည် တရုတ်နိုင်ငံ၏ မြန်နှုန်း မြင့်ရထား ပထမဆုံးအကြိမ် ပြည်ပသို့ တင်ပို့ခြင်းဖြစ်သည်။ ဂျာကာတာ–ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားသည် “The Belt and Road” တည်ဆောက်ရေးနှင့် တရုတ်၊ အင်ဒိုနီးရှား နှစ်နိုင်ငံအကြား လက်တွေ့ပူးပေါင်း ဆောင်ရွက်မှုကို ကိုယ်စားပြုနိုင်သော စီမံကိန်းဖြစ်ပြီး တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်ရထားစနစ် တစ်ခုလုံး၊ အဓိကအစိတ်အပိုင်း တစ်ခု လုံး၊ စက်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံး ကို ပထမဆုံးအကြိမ် ပြည်ပ၌ တည် ဆောက်သည့် စီမံကိန်းဖြစ်ကြောင်း တရုတ်နိုင်ငံက ဆိုထားသည်။

ဂျာကာတာ–ဘန်ဒေါင်း မြန်နှုန်းမြင့် ရထားသည် စုစုပေါင်းအရှည် ၁၄၂ ကီလို မီတာရှိပြီး အမြင့်ဆုံး သတ်မှတ်အမြန်နှုန်း မှာ တစ်နာရီလျှင် ၃၅၀ ကီလိုမီတာ ဖြစ်သည်။ လမ်းကြောင်းတစ်ခုလုံးကို တရုတ်နည်းပညာ၊ တရုတ်စံနှုန်းများ အသုံးပြုထားပြီး တည်ဆောက်ပြီးစီး ပါက အင်ဒိုနီးရှားနှင့် အရှေ့တောင်အာရှ ၏ ပထမဆုံး မြန်နှုန်းမြင့်ရထားလမ်း ဖြစ်လာမည်ဖြစ်သည်။

## ဂျာမနီနိုင်ငံ၌ ဆောင်းရာသီဓာတ်ငွေ့သုံးစွဲမှုအတွက် အစီအစဉ်များချမှတ်

**ဘာလင် ဩဂုတ် ၂၅**

ဂျာမနီနိုင်ငံ၌ လာမည့်ဆောင်းရာသီတွင် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများက သုံးစွဲကုန်ကျရန်ရှိသည့် ဓာတ်ငွေ့များအတွက် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ သုံးစွဲသည့် ကီလိုဝပ်နာရီအလိုက် ယူရို ၂ ဒသမ ၄ ဆင့် (2.4 euro cent per kilowatt hour) နှုန်းဖြင့် စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ဂျာမန်ဝန်ကြီးချုပ် Mr. Olaf Scholz က ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာနိုင်မည်ဖြစ်သော်လည်း ပြည်သူများအတွက် များစွာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြား သည်။ ယခုစည်းကြပ်ကောက်ခံမှုသည် လက်ရှိအခြေအနေတွင် နိုင်ငံ တွင်း ဂက်စ်လုံလောက်စွာရရှိရေးအတွက် ရုရှားနိုင်ငံအပြင် အခြား ထုတ်လုပ်ရရှိနိုင်သည့်နေရာများမှ ဈေးနှုန်းကြီးမြင့်စွာပေး၍ ပံ့ပိုးပေး နေသော ဂက်စ်လုပ်ငန်းများအတွက် ၉၀ ရာခိုင်နှုန်း ကာမိစေရန် ရည်ရွယ်ကြောင်း သိရသည်။ ဂျာမနီနိုင်ငံ၌ စုစုပေါင်း အိမ်ထောင်စုဦးရေ ၏ ထက်ဝက်ခန့်သည် နေ့စဉ်သုံးစွဲမှုများအတွက် ဓာတ်ငွေ့ကို အဓိက အသုံးပြုနေကြသည်။

စည်းကြပ်ကောက်ခံမှုအသစ်အတွက် ဝေဖန်မှုများမြင့်တက်လာခဲ့ပြီး ဂျာမန်ဝန်ကြီးချုပ် Mr.Olaf Scholz က ဩဂုတ် ၁၈ ရက် သတင်းစာ ရှင်းလင်းပွဲတွင် ဖက်ဒရယ်အစိုးရအနေဖြင့် ဓာတ်ငွေ့သုံးစွဲမှုအပေါ် value-added tax (VAT) ကောက်ခံနေမှုကို မူလ ၁၉ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ ၂၀၂၄ ခုနှစ်အထိ လျှော့ချကောက်ခံမည်ဖြစ်ကြောင်း၊ သုံးစွဲသူများအတွက် ထောက်ပံ့မှုများ ပိုမိုပြုလုပ်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ကတိပြု ပြောကြားထားသည်။ အစိုးရသည် ဂက်စ်သုံးစွဲမှု အပေါ် တိုးမြှင့်ကောက်ခံသော်လည်း VAT လျှော့ချကောက်ခံမှုကို အောက်တိုဘာလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ အကျုံးဝင်မည်ဖြစ်သည်။ VAT လျှော့ချကောက်ခံမှုသည် ကုန်မျိုးစုံ ဆိုင်များ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စာအုပ်၊ မဂ္ဂဇင်း၊ ကဇာတ်ရုံနှင့် ပြတိုက်လက်မှတ်ဝယ်ယူမှုများအတွက်လည်း ပါဝင်ပြီး အခြားကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် မူလ ၁၉ ရာခိုင်နှုန်းအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။ ဂျာမနီနိုင်ငံ အနေဖြင့် အရန် LNG ကွန်တိန်နာများကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးထား၍ ၉၅ ရာခိုင်နှုန်း ဖြည့်တင်းပြီးစီးရန် ဦးတည် ဆောင်ရွက်လျက်ရှိသည်။

## တရုတ်နှင့် ရုရှား နှစ်နိုင်ငံကုန်သွယ်မှုတိုးလာနိုင်ပြီး ရုရှားသည် တတိယအကြီးဆုံး ယွမ်ငွေပေးချေမှုဈေးကွက်ဖြစ်လာနိုင်ကြောင်း ခန့်မှန်း

တရုတ်နိုင်ငံ၏ ငွေကြေးဖြစ်သော ယွမ်ငွေ သည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် တန်ဖိုးအား ဖြင့် ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုများ အတွက် ပဉ္စမအတက်ကြွဆုံးငွေကြေးအဖြစ် ရပ်တည်ခဲ့ပြီး တည်ငြိမ်သော နိုင်ငံတကာ အသွင်ကူးပြောင်းရေး အရှိန်အဟုန်ကို အချက်ပြခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ရုရှားသည် ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှု များအတွက် ယွမ်ငွေကို အသုံးပြုသော တတိယအကြီးဆုံးဈေးကွက် ဖြစ်လာ ကြောင်း ကမ္ဘာ့ဘဏ္ဍာရေးစာပို့လုပ်ငန်း Society for Worldwide Interbank Financial Telecommunication (SWIFT) က ဖော်ပြထားသည်။

### ပဉ္စမနေရာတွင်ရှိ

ယွမ်၏ရှယ်ယာသည် ၂၀၂၂ ခုနှစ် ဇွန်လတွင် ၁ ဒသမ ၈၆ ရာခိုင်နှုန်းရှိနေရာမှ မြင့်တက်ခဲ့ပြီး ဇူလိုင်လတွင် ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကာ အမေရိကန်ဒေါ်လာ၊ ယူရို၊ ဗြိတိန်ပေါင်နှင့် ဂျပန်ယန်းတို့နောက် တွင် ရှိနေခဲ့သည်။ ယင်းတို့အနက် အမေရိကန်ဒေါ်လာနှင့် ယွမ်တို့သည် တစ်လ အတွင်း အသုံးပြုမှုတိုးလာသည်ကို တွေ့ရ သည့် ငွေကြေးနှစ်မျိုးဖြစ်သည်။ အမေရိကန် ဒေါ်လာ၏ ရှယ်ယာသည် ဇွန်လတွင် ၃၈ ဒသမ ၇၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ဇူလိုင်လတွင် ၄၁ ဒသမ ၁၉ ရာခိုင်နှုန်းအထိ တိုးလာပြီး ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုအများဆုံး ငွေကြေးအဖြစ် ၎င်း၏ရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းထားသည်။

ယူရိုငွေသည် ဇွန်လတွင် ၃၆ ဒသမ ၄၆ ရာခိုင်နှုန်းမှ ဇူလိုင်လတွင် ၃၅ ဒသမ ၄၉ ရာခိုင်နှုန်းသို့ကျဆင်းသွားပြီး ပေါင်သည် ဇွန်လတွင် ၇ ရာခိုင်နှုန်းရှိရာမှ ဇူလိုင်လတွင် ၆ ဒသမ ၄၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဂျပန်ယန်းရှယ်ယာသည်လည်း ၃ ဒသမ ၄၆ ရာခိုင်နှုန်းမှ ၂ ဒသမ ၈၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ယူရိုဇုန်အတွင်း ပေးချေမှုများ မပါဝင်သော နိုင်ငံတကာ ငွေပေးချေမှုများအရ ယွမ်သည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရှယ်ယာ ၁ ဒသမ ၅၁ ရာခိုင်နှုန်းဖြင့် အဆင့်ခြောက် (ဆဋ္ဌမ) နေရာ တွင်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် မတည်ငြိမ် မှုများရှိနေသော်လည်း အခြားအဓိက ငွေကြေးများနှင့် နှိုင်းယှဉ်ပါက ယွမ်၏ ဝေစု တိုးလာခြင်းသည် တည်ငြိမ်သော ငွေလဲနှုန်းဖြင့် ကမ္ဘာတစ်ဝန်းတွင် ယွမ်၏ အသိအမှတ်ပြုမှုနှင့် လက်ခံမှုမှာ တည်ငြိမ် သောတိုးတက်မှုကို ကွက်ကွက်ကွင်းကွင်း သက်သေပြခြင်းဖြစ်ကြောင်း ဝူဟန်သိပ္ပံနှင့် နည်းပညာတက္ကသိုလ် မှ ဒါရိုက်တာတစ်ဦးက မှတ်ချက်ပြုသည်။


### ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှု

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် နယ်စပ်ကုန်သွယ်မှုအချို့ကိုပါ တွက်ချက် ပါက ယွမ်၏ အသုံးပြုမှုဝေစုသည် ပို၍ပင် များပြားကြောင်း၊ တရုတ်ငွေကြေးကို ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုမှု ကြီးထွား လာမှု၏ အဓိကမှာ IMF သည် Special Drawing Rights–SDR ငွေကြေးခြင်းတောင်း တွင် တရုတ်ယွမ်ငွေကြေးကို ၁၀ ဒသမ ၉၂ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၂၈ ရာခိုင်နှုန်းသို့ တန်ဖိုးမြှင့်တင်ခဲ့ကြောင်း၊ ယင်းခြင်းတောင်း ထဲတွင် တရုတ်ငွေကြေးကို ထည့်သွင်းခဲ့ချိန် ၂၀၁၆ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်ပြုလုပ် သော SDR တန်ဖိုး ပုံမှန်ဆန်းစစ်ခြင်းတွင် ထိုသို့မြှင့်တင်ပေးခဲ့ကြောင်း တရုတ်နိုင်ငံ၏ ဗဟိုဘဏ်မှ မေလအတွင်း ထုတ်ပြန်ချက် တစ်ခုအရ သိရှိရသည်။

### တတိယအကြီးဆုံးဈေးကွက်

ရုရှားသည် ယွမ်ငွေပေးချေမှုအတွက် တတိယအကြီးဆုံးဈေးကွက် ဖြစ်လာခဲ့ပြီး ဇူလိုင်လတွင် တရုတ်နှင့် ရုရှားကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၇၉ ဘီလီယံ ရှိခဲ့သည်။ ယင်းတို့အနက် ရုရှားနိုင်ငံသို့ တရုတ်နိုင်ငံ၏ ပို့ကုန် ပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၇ ဘီလီယံရှိပြီး ရုရှားမှ တရုတ်သို့ သွင်းကုန်ပမာဏမှာ ကန်ဒေါ်လာ ၁၀ ဒသမ ၀၂ ဘီလီယံရှိခဲ့ကာ ဇွန်လမှ စတင်ကာ နှစ်ခုစလုံး တိုးတက်ခဲ့ကြောင်း သိရသည်။

## လာအိုနိုင်ငံ၌ ဇူလိုင်လအတွင်း ကုန်သွယ်မှုလိုငွေပြမှု ကန်ဒေါ်လာ ၁၁၄ သန်းရှိလာ




**ဗီယင်ကျန်း ဩဂုတ် ၂၅**

လာအိုနိုင်ငံ ကုန်သွယ်ရေးပေါ်တယ်ဝက်ဘ်ဆိုက်မှ ဩဂုတ်လ လယ်၌ ဖော်ပြထားသည့်အချက်အလက်များအရ လာအို နိုင်ငံ၌ ဇူလိုင်လအတွင်း ကုန်သွယ်မှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၆၈ သန်းရှိပြီး ပို့ကုန်ပမာဏ ကန် ဒေါ်လာ ၄၂၇ သန်း၊ သွင်းကုန်ပမာဏ ကန်ဒေါ်လာ ၅၄၁ သန်း ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံ၏ အဓိကပို့ကုန်များတွင် စက္ကူနှင့် စက္ကူ ကုန်ကြမ်းထုတ်ကုန်များ၊ သစ်ပျော့ဖတ်စသည်တို့ ပါဝင်ပြီး အဓိကသွင်းကုန်များတွင် စက်သုံးဆီ၊ စတီးထုတ်ကုန်၊ လျှပ်စစ် ဝိုင်ယာများ၊ ကေဘယ်ကြိုးနှင့် ပလတ်စတစ်ထုတ်ကုန်များ အဓိကပါဝင်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှာ အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်ပြီး ထိပ်တန်းပို့ကုန်နိုင်ငံများ လည်းဖြစ်သည်။ သွင်းကုန်များကို ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှလည်း တင်သွင်းကြောင်း သိရသည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# လောကကို သိပ္ပံပညာ၊ နည်းပညာများဖြင့် အလှဆင်ကြရာတွင်...

## ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

*(ယမန်နေ့မှ အဆက်)*

### ၁၉ ရာစု - ၂၀ ရာစု နည်းပညာ

၁၉၀၈ ခုနှစ်မှာ အမေရိကန် ဟင်နရီဖို့ဒ် (Henry Ford) ဆိုသူဟာ မိုဒယ်တီ (Model T) ဖိုဒ့်ကားကို စတင်ထုတ်ခဲ့ပါတယ်။ ကားတစ်စီး ဒေါ်လာကိုးရာနဲ့ ရောင်းခဲ့ပါတယ်။ ပထမကမ္ဘာစစ် မဖြစ်ခင်မှာ ထိုကားအမျိုးအစားကို ဒေါ်လာ ၄၉၀ နဲ့ ရောင်းနိုင်လာတဲ့ နည်းပညာဟာ မြင့်မားလာပါတယ်။ ၁၉၂၅ ခုနှစ် ရောက်လာသည့်တိုင် အိန္ဒိယနဲ့ တရုတ်နိုင်ငံကြီးတွေဟာ စက်မှုနိုင်ငံ မထူထောင်နိုင်ခဲ့သေးပါဘူး။ ၁၉၈၀-၉၀ နှစ်တွေမှာ တရုတ်နဲ့ အိန္ဒိယ နှစ်နိုင်ငံပေါင်း ကုန်သွယ်မှုဟာ ၄၀ ရာခိုင်နှုန်းမရှိတော့ဘဲ ၃ ဒသမ ၄ ရာခိုင်နှုန်းသာ လွှမ်းခြုံပါတော့တယ်။ နှစ်နိုင်ငံပေါင်းရဲ့သိပ္ပံနဲ့နည်းပညာ သုတေသနစွမ်းပကားဟာလည်း ကမ္ဘာ့သုတေသန စာတမ်းပေါင်းရဲ့ ၃ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိပါတယ်။ သိပ္ပံနဲ့နည်းပညာနယ်ပယ်ထဲက သုတေသနရလဒ်တွေဟာ သဘာဝတရားရဲ့ နိယာမတွေကို ပိုနားလည်လာပြီး ဒီနေ့ လူ့အဖွဲ့အစည်းအတွက်လည်း အင်အားကြီးမားစွာ ဖန်တီးနေပါတယ်။ လူသားကောင်းကျိုးအတွက်လည်း အသုံးချနိုင်မှုတွေရရှိတာ ဖြစ်ပါတယ်။



၁၈၆၅-၁၈၇၃ ခုနှစ်အတွင်းမှာ အဲလ်ဖရက်နိုဘယ်လ် (Alfred Nobel) တီထွင်ထုတ်လုပ်ခဲ့တဲ့ ခဲယမ်းတွေဟာ မူလကသတ္တုသိုက်တွေတူးဖို့၊ တောင်တွေထွင်းဖို့ဖြစ်ခဲ့ပေမယ့် လူ့သမိုင်းသိရှိတဲ့အတိုင်း နောက်ပိုင်းမှာ စစ်ပွဲကြီးနှစ်ခုမှာ လက်နက်ခဲယမ်းမီးကျောက်တွေအဖြစ်သုံးခဲ့ရင်း ကိုလိုနီနိုင်ငံတွေတည်ထောင် ဗိုလ်ကျစိုးမိုးရေး အချင်းချင်း စစ်ခင်းတဲ့ ကမ္ဘာ့စစ်ပွဲကြီးတွေဖြစ်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာ၊ စီးပွားရေးပညာတွေ၊ ဥပဒေပညာတွေ ထွန်းကားတိုးတက်တဲ့ နိုင်ငံတချို့ဟာ လောဘဇောတိုက်ကာ နယ်ချဲ့လာတာတွေ့ရပါတယ်။ ၁၉ ရာစု တစ်ခုလုံး ၂၀ ရာစု အလယ်လောက်ထိ ဖြစ်ခဲ့ပါတယ်။

ခေတ်ပြိုင် ၁၆၃၆ ခုနှစ် အမေရိကန်နိုင်ငံမှာ ဟားဗတ်တက္ကသိုလ်ကို ဖွင့်လှစ်တည်ထောင်ခဲ့တယ်။ ကျွန်တော်တို့က တက္ကသိုလ်ပညာရေးကို ၁၈၇၈ ခုနှစ်ရောက်မှ စတင်နိုင်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရယ်လို့ သီးခြားတက္ကသိုလ်ဖြစ်တာ ၁၉၂၀ ပြည့်နှစ်ဆိုတော့ ဟားဗတ်တက္ကသိုလ်နဲ့ယှဉ်ကြည့်ရင် နှစ်ပေါင်း နှစ်ရာကျော် နှစ်ပေါင်းသုံးရာနီးပါးတာထွက် နောက်ကျနေခဲ့ပါပြီ။ ဒီလိုနောက်ကျလို့ အထင်အမြင်သေးစရာ အားငယ်စရာအကြောင်း မရှိပါဘူး။ နှစ်ပေါင်းနှစ်ရာကျော်ကြာ အမေရိကန်နိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ ဥရောပ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ရဲ့ တက္ကသိုလ်တွေဟာ နိုင်ငံရဲ့တိုးတက်မှုအတွက်ကြိုးစားခဲ့ပါတယ်။ ၁၈၉၀ ပြည့်နှစ်မှာ အမေရိကန်နိုင်ငံမှာ စက်မှုလယ်ယာကို တည်ထောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

### ဂျုံပြဿနာ

၁၈၉၈ ခုနှစ် ဗရစ်စတိုမှာ သိပ္ပံပညာရပ်တိုးတက်ရေး ဗြိတိသျှအသင်း နှစ်ပတ်လည်အစည်းအဝေးမှာ ဆာဝီလီယမ်ခရွတ်က "ဂျုံပြဿနာ" ခေါင်းစဉ်နဲ့ နိုက်ထရိတ် နိုက်ထရိုဂျင် ရရှိရေးကိစ္စကို သိပ္ပံပညာရှင်တွေကို မီးမောင်းထိုးပြခဲ့ပါတယ်။ အကြောင်းရင်းက ကမ္ဘာ့လူထု ငတ်မွတ်ခေါင်းပါးခြင်းဘေးက ကင်းလွတ်ဖို့ဆိုရင် ဂျုံနဲ့ ဆန်ရေစပါးထုတ်ရမယ်။ အထွက်တိုးဖို့ဆိုရင် ဆိုဒီယမ်နိုက်ထရိတ်တန်ချိန် ၁၂ သန်းထုတ်ရမယ်လို့ တွက်ပြခဲ့ပါတယ်။ ဒီပမာဏအရဆိုရင် ချီလီနိုင်ငံကထွက်တဲ့ ဆိုဒီယမ်နိုက်ထရိတ်နဲ့ ဖြည့်ဆည်းနိုင်ဖွယ်ရာ မမြင်တဲ့အတွက် ၁၉၀၀ ပြည့်နှစ်မှာ ဒီပြဿနာကို ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်နဲ့၊ ကနေဒါနိုင်ငံ ဓာတုဗေဒပညာရှင်တွေက အသီးသီး ကြိုးစားဖြေရှင်းနိုင်ဖို့ အားထုတ်ခဲ့ပါတယ်။

ဒီသိပ္ပံပညာရှင်တွေထဲမှာ ဂျာမန်ဟာဗာ (Haber) ရဲ့ နည်းစဉ်ဟာ အအောင်မြင်ဆုံးဖြစ်ခဲ့ပါတယ်။ လေထုထဲက နိုက်ထရိုဂျင်နဲ့ အမိုးနီးယားထုတ်၊ ထပ်ဆင့်ပြောင်းလဲကာ ဓာတ်မြေဩဇာယူရီးယားကအစ နိုက်ထရိတ် ခဲယမ်းလုပ်နိုင်တဲ့အဆင့်ထိ ရောက်ခဲ့ပါတယ်။ ဆန်နဲ့ ဂျုံစပါးတွေလည်း အထွက်တိုးခဲ့ပါတယ်။ စစ်မက်အရေးတွေမှာ သုံးခဲ့သော်လည်း ကမ္ဘာ့ငတ်မွတ်ခြင်းဘေးက လွတ်ကင်းမယ့်လိုအပ်ချက်ကို ဖြည့်ဆည်းခဲ့တဲ့အတွက် ၁၉၁၈ ခုနှစ် ဓာတုဗေဒနိုဘယ်ဆုကို ဟာဗာဟာ ဆွတ်ခူးခဲ့ပါတယ်။

### ကွမ်တမ် သီအိုရီ နဲ့ အိုင်းစတိုင်း

၁၉၀၀ ပြည့်နှစ်မှာ မက်စ်ပလန့်ဟာ အလွန်တရာသေးငယ်တဲ့ အီလက်ထရွန်ကို လေ့လာဖို့ ကွမ်တမ် သီအိုရီ (Quantum Theory) ကို ဖော်ထုတ်ခဲ့ပါတယ်။ ၁၉၀၅ ခုနှစ်မှာ အဲလ်ဗတ် အိုင်းစတိုင်းဟာ အလင်း-လျှပ်စစ် သက်ရောက်မှု (Photoelectric Effect) ကို ရှင်းလင်းနိုင်ဖို့ ပလန့်ရဲ့ ကွမ်တမ်သီအိုရီကိုအခြေခံခဲ့တယ်။ ကွမ်တမ် သီအိုရီကို အကြောင်းပြုပြီး အက်တမ်များမှာရှိတဲ့ အီလက်ထရွန်တွေဟာ အမှုန် (Particle) ဘဝနဲ့ လှိုင်း (wave) ဘဝကို တစ်ပြိုင်တည်း တည်ရှိနေနိုင်တယ်ဆိုတဲ့ သိရှိနားလည်မှု (Philosophic insight) ဟာ လူအများ မယုံကြည်နိုင်လောက်တဲ့အဆင့်ထိ ရောက်ခဲ့ပါတယ်။ ဒီအဆင့်ထိ သိရှိနားလည်နိုင်အောင် ဦးနှောက်ကိုသုံး စူးစူးစမ်းစမ်း ဆောင်ကြဉ်းပေးသူတို့ဟာ သိပ္ပံပညာရှင်တွေပဲဖြစ်ပါတယ်။


လူ့ယဉ်ကျေးမှုကြီးတိုးတက်ခဲ့တာ စက်မှုထွန်းကားလို့ပဲ။ အင်္ဂလန်မှာ စက်မှုထွန်းကားလို့ အသစ်တီထွင်တဲ့ ရေနွေးငွေ့အင်ဂျင်စက်ဟာ လောင်စာအကြီးအကျယ် လိုအပ်တော့ သစ်တောတွေက ထွက်တဲ့ထင်း လွယ်လွယ်မရတော့တဲ့အချိန်မှာ ကျောက်မီးသွေးဟာ ပိုပြီးအသုံးတွင်လာပါတယ်။ ၁၈၉၀-၁၉၁၀ ခုနှစ်အတွင်း သိပ္ပံနဲ့နည်းပညာ တီထွင်ဆန်းသစ်မှုရဲ့ရလဒ်၊ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို သုံးခဲ့ပါတယ်။ လျှပ်စစ်စွမ်းအားတွေ ထုတ်ခဲ့ပါတယ်။ အင်ဂျင်စက်တွေ တီထွင်ခဲ့ပါတယ်။

၁၉၀၁ ခုနှစ်မှာ ရိုက်ညီနောင် (Wright Brothers) တို့ဟာ နှစ်ထပ်ဂလိုက်ဒါ (biplane gliders) ကို တီထွင်ခဲ့ပြီး ဝေဟင်လေပြင်မှာ ပျံသန်းနိုင်ခဲ့တာဟာ သိပ္ပံသဘောတရားကို အခြေခံပြီး စွန့်စားမှု၊ ဖွဲလုံ့လကြီးမားတဲ့ အားထုတ်မှုတွေကြောင့် ယနေ့ကမ္ဘာ့လူသားတို့အတွက် အကျိုးပြုလျက်ရှိသလို စစ်မက်ရေးရာမှာလည်း နိုင်ငံကာကွယ်ဖို့၊ နယ်မြေဝါဒတိုက်ပွဲတွေမှာလည်း သုံးနေတာတွေ့ရပြန်တယ်။

၁၉၂၈ ခုနှစ်မှာ အလက်ဇန္ဒါး ဖလင်းမင်းဟာ ပင်နီဆီလင်ဆေးကို တွေ့ရှိခဲ့တာကြောင့် ကမ္ဘာ့အဖျားရောဂါနဲ့ ကာလသားရောဂါများကို ကုသနိုင်ခဲ့ပါတယ်။

၁၉၃၈ ခုနှစ်က အာရှမှာလူတစ်ဦးချင်း အချမ်းသာဆုံးနိုင်ငံဟာ ဖိလစ်ပိုင် (Philippine) နိုင်ငံ ဖြစ်ခဲ့ပါတယ်။ မလေးရှားနဲ့စင်ကာပူတို့ဟာ လွတ်လပ်ရေးမရသေးတဲ့ နိုင်ငံငယ်လေးတွေပဲ။ လွတ်လပ်ရေးရဖို့ မြန်မာက ကြိုးပမ်းဆဲကာလ၊ ၉၁ ဌာန အုပ်ချုပ်ရေးရလို့ အိန္ဒိယက ခွဲထွက်ခွင့်ရကာ အင်္ဂလိပ်အစိုးရရဲ့ တိုက်ရိုက်အုပ်ချုပ်ခံ ဖြစ်ခဲ့ပါတယ်။

၁၉၃၈ ခုနှစ်တွေမှာပဲ ဂျာမန်လူမျိုး အော်တိုဟန် (Otto Hann) နဲ့ စထရတ်စ်မန်း(Strassmann) တို့ ဟာ ယူရေနီယမ်သတ္တုကို နှေးတဲ့ နယူထရွန်နဲ့ပစ်ပြီး စမ်းသပ်မှုပြုလုပ်တဲ့အခါ နျူကလီးယပ် နှစ်ခြမ်းကွဲခြင်းကို တွေ့ရှိခဲ့ကြတယ်။ ၂၀၀ အမ်အီးဗွီ (200 MeV) ထွက်မည်ဖြစ်ကြောင်း၊ ဒီပမာဏဟာ ထူးထူးခြားခြား ကြီးမားကြောင်း သိပ္ပံသုတေသီတို့သိရှိတဲ့အတွက် အထူးသတိထားပြီး သုတေသနကို ခရီးဆက်ခဲ့ပါတယ်။



### အဏုမြူဓာတ်ပေါင်းဖိုနဲ့အဏုမြူဗုံးပရိုဂျက်

ဒီသိပ္ပံတွေ့ရှိချက်ကို စစ်ရေးမှာသုံးဖို့ ရည်ရွယ်ချက်နဲ့ ၁၉၄၂ ခုနှစ် ဩဂုတ်လ ၁၃ ရက်မှာ အမေရိကန်နိုင်ငံ မင်ဟက်တန်ပရိုဂျက် (Manhattan Project) လျှို့ဝှက်အမည်နဲ့ အဏုမြူဗုံးတည်ဆောက်ရေးဟာ ထိပ်သီးခေါင်းဆောင် ၁၂ ဦးမှအပ အများမသိဘဲပေါ်ပေါက်ခဲ့ပါတယ်။ သုံးနှစ်ကြာတဲ့အခါ ဒီပရိုဂျက်ဟာ အကောင်အထည်ပေါ်ခဲ့ပါတယ်။ ၁၉၄၂ ဒီဇင်ဘာလ ၂ ရက်နေ့ကတော့ ချီကာဂိုတက္ကသိုလ် အားကစားကွင်းမှာ အီတလီပြည်ဖွား အင်ရီကိုဖာမီ (Enrico Fermi) ဦးဆောင်တဲ့ သိပ္ပံပညာရှင် ၃၉ ဦးဟာ အဏုမြူဓာတ်ပေါင်းဖိုကို တည်ထောင်ခဲ့ပါတယ်။ ဥရောပမှာ စစ်ရိပ်တွေ၊ ယမ်းငွေ့တဝေဝေနဲ့ ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေဆဲ ကာလထဲမှာ သိပ္ပံပညာရှင်တို့ဟာ သူ့အလုပ်နဲ့သူ ကျားကုတ်ကျားခဲ သဲသဲမဲမဲဆောင်ရွက်တာ သိရှိရတော့ သိပ္ပံအရာမှာ တာဝန်ကျေသူတွေအဖြစ် အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်နဲ့ဂျပန်နိုင်ငံတို့ဟာ အဏုမြူ ဓာတ်ပေါင်းဖိုတွေ တည်ထောင်၊ လျှပ်စစ်ဓာတ်အားထုတ်၊ အမေရိကန်နဲ့ ရုရှားနိုင်ငံတို့ဟာ ကမ္ဘာ့အင်အားကြီး နိုင်ငံဖြစ်ဖို့ လျှပ်စစ်သာမက အဏုမြူလက်နက်တွေ ထုတ်တဲ့အဆင့်အထိ တိုးမြှင့်ခဲ့တာ သမိုင်းစာမျက်နှာတွေမှာ တွေ့ရပါတယ်။

### ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့

အမေရိကန်သမ္မတ ထရူးမင်းလက်ထက် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက် သောကြာနေ့နံနက်ခင်းတွင် ပထမအဏုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်၊ ဩဂုတ်လ ၉ ရက် တနင်္လာနေ့တွင် ဒုတိယအဏုမြူဗုံးကို နာဂါစကီမြို့ပေါ် ချခဲ့ရာ လူနေအိမ်ခြေပေါင်းများစွာနဲ့ စုစုပေါင်း လူတစ်သိန်းကျော် သေဆုံးခဲ့ပါတယ်။ ၁၉၄၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဂျပန်ဟာ လက်နက်ချကြောင်း ကြေညာခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးလည်း ပြီးဆုံးခဲ့ပါတယ်။

### နှစ်ပေါင်း ၁၀၀ ဂျပန်နိုင်ငံရဲ့သမိုင်းပြောင်းလဲလာပုံ

သမိုင်းကို ပြန်လည်ကောက်ရရင် ၁၈၅၃ ခုနှစ်မှာ ကိုမိုဒိုမက်သရူးပယ်ရီဟာ ဂျပန်ကျွန်းကိုရောက်၊ ၁၉၄၁ ခုနှစ်မှာ ဂျပန်နိုင်ငံဟာ ပုလဲဆိပ်ကမ်းကိုဗုံးကြဲကာ ဒုတိယကမ္ဘာစစ်ထဲဝင်ခဲ့တယ်။ ၁၉၄၅ ခုနှစ်မှာ ဂျပန်စစ်ရှုံး ခဲ့တယ်။ ဂျပန်အတွက် ခံပြင်းစရာပါပဲ။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေဟာ လူ့သမိုင်းမှာ ပြောလို့မကုန်၊ ကြီးမားတဲ့ အမည်းစက်ကြီးအဖြစ် ထင်ကျန်ရစ်ခဲ့ပါတော့တယ်။

ဂျပန်ဟာ ပြာပုံဘဝကထ၊ စစ်လျော်ကြေးပေးရဖို့ ကိစ္စဟာ တွေးကြည့်ရင် အလွန်လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပဲ။ ဂျပန်တစ်မျိုးသားလုံးရဲ့အရေး၊ ကမ္ဘာကလိုချင်တဲ့ တန်ဖိုးမြင့်ကုန်ချောတွေ ထုတ်ရောင်းချတဲ့နည်းပဲ ရှိတော့တယ်လို့ ဘုရင်မင်းမြတ်ကအစ ဂျပန်အစိုးရက ဆင်ခြင်သုံးသပ်ခဲ့တယ်။ သိပ္ပံနဲ့နည်းပညာတွေကို ကျောင်းတွေ၊ တက္ကသိုလ်တွေရဲ့ သင်ခန်းစာတွေထဲက စီးပွားဖြစ်အောင် မီးကုန်ယမ်းကုန် ရှာဖွေခဲ့ပြီး ပြာပုံထဲက ထခဲ့ပါတယ်။ ဂျပန်တို့ရဲ့ မျိုးရိုးဗီဇနဲ့ ရေခံမြေခံကောင်းလို့ပဲ။ ဉာဏ်အမြော်အမြင်နဲ့ ကံဉာဏ်ဝီရိယကြောင့် ကမ္ဘာ့အလယ်မှာနေရာရနေခြင်းပဲ။

အဲလ်ဖရက် နိုဘယ်လ် (Alfred Nobel) တီထွင်ထုတ်လုပ်ခဲ့တဲ့ ခဲယမ်းတို့ ဒီလုပ်ငန်းကရတဲ့ အကျိုးအမြတ်နဲ့ နိုဘယ်လ်ဆုကို သိပ္ပံပညာရှင်၊ စီးပွားရေးပညာရှင်များနဲ့ ငြိမ်းချမ်းရေး အားကြိုးမာန်တက် ဆောင်ကြဉ်းခဲ့သူတွေကို ၁၉၀၁ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ၂၀၂၂ ခုနှစ်တိုင် နိုင်ငံအသီးသီးက သိပ္ပံ၊ စာပေ၊ စီးပွားရေး၊ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် အရေအတွက်အရ အမေရိကန်နိုင်ငံက လူ ၄၀၀ နဲ့ ယနေ့ထိ ဦးဆောင်လျက်ရှိတာကို တွေ့ရပါတယ်။

| နိုင်ငံ | နိုဘယ်လ်ဆုရရှိသူအရေအတွက် |
|---|---|
| ယူကေ | ၁၃၈ |
| ဂျာမနီ | ၁၁၂ |
| ပြင်သစ် | ၇၁ |
| ဆိုဗီယက်ရုရှား | ၃၂ |
| ဆွီဒင် | ၃၂ |
| ဂျပန် | ၂၉ |

ဒုတိယကမ္ဘာစစ်ကြီးအပြီး လေးနှစ်အကြာ ၁၉၄၉ ခုနှစ်မှာ ဂျပန်ဟာ ရူပဗေဒပညာရပ် နိုဘယ်လ်ဆုကို စတင်ဆွတ်ခူးနိုင်ခဲ့တယ်။ ဂျပန်လူမျိုးထဲက နိုဘယ်လ်ဆုရှင် ၂၉ ဦးရှိခဲ့တာဟာ လွန်စွာထူးခြားပါတယ်။ အရေအတွက်ကိုကြည့်ရင် ဂျပန်လူမျိုးတို့ဟာ အံ့ဩလောက်အောင် ထူးချွန်တာတွေ့ရပါတယ်။ ဂျပန်ဟာ နှစ်ပေါင်း ၇၀ အတွင်း ရူပဗေဒမှာ ၁၂ ဦးအထိ နိုဘယ်လ်ဆုဆွတ်ခူးနိုင်ခြင်းမှာ ဥရောပရူပဗေဒပညာရှင်များကဲ့သို့ ထူးချွန်ကြောင်း သက်သေပဲဖြစ်ပါတယ်။

၁၉၈၃ ခုနှစ်ကလည်း ဂျပန်နိုင်ငံရဲ့စီးပွားရေး တစ်ရှိန်ထိုးတိုးတက်လာမှုကို အကြောင်းပြုပြီး ဂျပန်နိုင်ငံရဲ့ ပညာရေးအခြေအနေကို အမေရိကန်တို့ ဆန်းစစ်ချက်ပြုခဲ့ကြရတယ်။ အဲဒီလို ဆန်းစစ်ချက်တွေအရ အမေရိကန်နိုင်ငံရဲ့ တုန်လှုပ်ဖွယ်အခြေအနေကိုဖော်ပြတဲ့ "The Nation at Risk" ဆိုတဲ့ စာအုပ်ပေါ်ထွက်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် ဂျပန်ဟာ သိပ္ပံပညာရပ်ထွန်းကားရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးတွေကအစ ဝင်ဆံ့နေတာကို တွေ့ရပါတယ်။

*စာမျက်နှာ ၂၀ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၈-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်မီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၃၀** ဝုဏ်ရှိနိဝင့်ထည်စာပေဗိမာန်ဝယ်
**၀၉:၄၅** ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၁)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၇)
**၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၇:၁၀** "ASEAN Information Exchange Initiative Program 2022" (Part-6)
**၁၇:၃၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သိရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဂီတစာဆိုမောင်ကြေးမုံအမှတ်တရတေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)

**mitv**

**07:02** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:09** Wushu Kids & Their Limit (Ep-2)
**07:22** Ancient Heritage In Natalin
**07:33** Historic Of Kyaukka Shwe Gu Ni Pagoda
**07:40** Ecotourism: Naga Traditional Customs
**08:01** Skilful Marionette Performance of New Generation Artistes
**08:16** Excavation at Kawhmu
**08:27** Home Grown Treasure (Part-1)
**08:47** Patchwork Bags
**09:01** News
**09:26** Global Partnership for Brighter Future: Spain Pavilion at Expo 2020 Dubai
**09:35** Myanma Traditional Art, Silversmith
**09:38** On the River

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ရှားစောင်းလက်ပတ်ရဲ့အစွမ်း
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဝိပွဲယ်များ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်ဆန်လျော်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
လှမ်းခဲ့ပါလေ ကယန်းပန်ပက်ဒေသဆီ
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ဗိနပ်လေးများ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၄၅** ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း အင်ဒိုနီးရှားနိုင်ငံ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** ကျေးလက်ကွန်ရက်
**၀၇:၂၀** ပြုံးပန်းဝေဖြာတို့တောရွာ (စိုက်ပျိုးရေး-ဇာတ်လမ်းတို)
**၀၈:၀၀** လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အပင်ဗီဇမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကြပါစို့
**၀၉:၁၅** GAP အဆင့်မြင့်ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း
**၀၉:၄၀** နှစ်ရှည်ဝင်ငွေတိုးစေဖို့ စပျစ်စိုက်ကြစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၇-၈-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၅) တွင်** မိမိ၏ဘဝကို မကျေနပ်ဘဲ ငှက်တို့၏ဘဝကို အားကျကာတုပမိ၍ ဒုက္ခရောက်ရသော ဝက်ဝံလေး အကြောင်းကို တင်ဆက်ထားသည့် "အတုနဲ့ အစစ်" မျက်နှာဖုံးဇာတ်လမ်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးကို တစ်ကမ္ဘာလုံး သတိထားမိစေရန် စတင်ခဲ့သည့် စာရေးဆရာမ ရေချယ်ကာဆန်အကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "သဘာဝပတ်ဝန်းကျင် ချစ်ခင်သူ ရေချယ်ကာဆန်"သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ပညာဉာဏ်ဗဟုသုတနှင့် ပြည့်စုံပါက နွားကျောင်းသားပင် ဖြစ်သော်လည်း မင်းသမီးလေး၏ ကြင်ရာဖက်အဖြစ် ရွေးချယ်ခံရပုံကို တင်ဆက်ထားသည့် "နွားကျောင်းသားနဲ့ ရွှေမင်းသမီးလေး" နှစ်မျက်နှာကာတွန်း၊ မိဘများအနေဖြင့် သားသမီးများကို နွေးနွေးထွေးထွေး ဆက်ဆံကာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သင့်ပုံကို တင်ဆက်ထားသည့် "မှတ်တမ်းတစ်ခု"ဝတ္ထု၊ သူငယ်ချင်းအချင်းချင်း မြှောက်ပင့်ပြောဆိုကာ မုန့်ကပ်စားတတ်သော ဖိုးတစ်တို




အကြောင်းကို တင်ဆက်ထားသည့် "ဖိုးတစ်တို" တစ်မျက်နှာကာတွန်း၊ မိမိ၏ ပျော်ရွှင်မှုကို ရယူလို၍ လူအများကို လှည့်ဖြားပြောဆိုမှုကြောင့် မိမိအမှန်တကယ် အကူအညီလိုသောအခါ၌ အကူအညီမရဘဲ ဒုက္ခနှင့်ကြုံတွေ့ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မိုက်မဲတဲ့ သိုးကျောင်းသားလေး မောင်ညို" ပုံပြင်၊ ဖြတ်ထိုးဉာဏ်ကောင်း၍ အသက်ဘေးမှ လွတ်မြောက်ခဲ့သော ယုန်လေးအကြောင်းကို တင်ဆက်ထားသည့် "ပြေးနိုင်လွှားနိုင်မှ" နှစ်မျက်နှာကာတွန်း၊ ကျောင်းသူကျောင်းသားများ အနေဖြင့် ကျောင်းနေစဉ်ကာလတွင် မိမိတို့၏ ရည်မှန်းချက်အောင်မြင်စေရန် စာကြိုးစားသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "အသိတစ်ခုရရှိခြင်း" နှစ်မျက်နှာကာတွန်း၊ Conjections များ၏ အသုံးအနှုန်းနှင့် ဝါကျများတွင် ထည့်သွင်းအသုံးပြုပုံ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၈-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၅၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၆၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၅၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၆၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၀၅၅ ကျပ် | ၃၁၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၁၃၅ ကျပ် | ၃၁၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၉၀ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၇၀ ကျပ် | ၂၆၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၀၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၆၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၉ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၉ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၆ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၂၈၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆၉၀၀ | ၇၀၀၀ | ၁၈၂ | ၁၂၅၆၉၀၀ |
| MTSH | ၂၄၀၀ | ၂၄၅၀ | ၆၂၄၇ | ၁၅၀၃၂၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၃၅၀ | ၇၁၈ | ၁၇၆၂၃၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁ | ၂၄၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၄ | ၁၉၆၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တရားမဝင်ကျွန်းသစ်၊ ရေနံစိမ်း၊ ထိန်းချုပ်ဓာတုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Iron Pipe ကီလိုဂရမ် ၁၀၁၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MAN TGX အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) နှင့် VOLVO FH အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်အတွင်း တရားမဝင်ရေနံစိမ်း ၁၂၄ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၄၂၈) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ တရားမဝင် ကျွန်းခွဲသား ၅၅ ဒသမ ၀၉၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၆၅၀၇၆) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၇၅၅၀၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပိတ်ပင်တားမြစ်ပစ္စည်းဖြစ်သည့် Toluene ဟု ယူဆရသောအရည် လီတာ ၁၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးစက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဌာနမှူးဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ၈၆ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀)၊ အသင့်စားခေါက်ဆွဲထုပ်နှင့်မုန့်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်ကျွန်းသစ် တန် ၀ ဒသမ ၄၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၂၈၅၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိမှုစုစုပေါင်း**

သို့ဖြစ်ပါ၍ ဩဂုတ် ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၅၈၄၀၀၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၈ မှ*

ဒါတွေကို မြန်မာတို့ ရှုမြင်သုံးသပ်ခြင်းအားဖြင့် ဘက်ပေါင်းစုံက အားထုတ်ကြရမယ်ဆိုတာ ပြောဖွယ်ရာ မလိုပြီ။ ကိုယ့်ရဲ့အားနည်းချက်ကိုပြင် နည်းပညာရဖို့ ကိုယ်တိုင်လုပ်ရပါလိမ့်မယ်ဆိုတဲ့သင်ခန်းစာ ရလာပါတော့တယ်။

**ဂျပန်နိုင်ငံရဲ့ သူမတူထူးခြားအောင်မြင်မှု**

ဂျပန်နိုင်ငံရဲ့ သူမတူထူးခြားအောင်မြင်မှုရဲ့ အရင်းခံဟာ ဂျပန်လူထုပဲ၊ လူထုဟာ အဓိကကျပါတယ်။ ဂျပန်တို့ဟာ ဉာဏ်ရည်ကောင်းသူတွေဖြစ်ကြတယ်။ အလုပ်ကြိုးစားလုပ်သူတွေဖြစ်တယ်။ ခေါင်းဆောင်ကောင်းကိုချည်း မျှော်လင့်သူတွေမဟုတ်။ သယံဇာတကောင်းကောင်းရှိဖို့ မိုးကိုချည်းပဲ မျှော်လင့်နေသူ မဟုတ်ကြပေဘူး။ ရေမရှိရင် ရေရအောင်လုပ်မယ့်သူတွေ၊ လျှပ်စစ်မရှိရင် ရှိအောင်ကြံဖန်လုပ်တတ်တဲ့ လူမျိုးဟု ခန့်မှန်းနိုင်ပါတယ်။ အဏုမြူဗုံးဒဏ်ခံရတဲ့ နိုင်ငံဖြစ်ပေမယ့် လျှပ်စစ်စွမ်းအင်ရဖို့ အဏုမြူဓာတ်ပေါင်းဖိုပေါင်း ၅၀ ကျော်ကို တည်ဆောက်အသုံးပြုနေပါတယ်။ ဂျပန်နိုင်ငံဟာမြေလျှင်ကျော၊ ငလျင်စက်ကွင်းထဲမှာ ရှိနေတာတောင် အဏုမြူဓာတ်ပေါင်းဖို ၅၀ ကို စွန့်စွန့်စားစား တည်ဆောက်တဲ့သတ္တိဟာ အဘယ်မှာရှိနိုင်မလဲ။ ဒါတွေဟာ ဂျပန်ရဲ့ အောင်မြင်ခြင်းတရားတွေ ဖြစ်တယ်။

ဒီလိုအောင်မြင်ဖို့ဆိုရင် ဂုဏ်ဒြပ်ရှိတဲ့မိသားစုထဲ ရောက်နေရမယ်၊ ချမ်းသာတဲ့သူ အာဏာရှိတဲ့ သူထဲမှာ မွေးဖွားရမယ်။ မိတ်ကောင်းဆွေကောင်းတွေ အမှီကောင်းတွေရှိမှလို့ တချို့ကပြောကြတယ်။ တကယ်တော့ ဒါတွေဟာလိုအပ်ချက်တွေ မဟုတ်ပါဘူး။




ရှေးယခင်ကတည်းက ဂျပန်ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ဆင်းရဲတဲ့မိသားစုတွေက မွေးဖွားလာကြတာ ဖြစ်ပါတယ်။ တန်းစဉ်ပညာရေး အနည်းငယ်သာရှိတဲ့သူတွေလည်း ဖြစ်ကြတာ တွေ့ရပါတယ်။ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်စိတ်ကူးတွေရှိကြတယ်။ အဲဒီစိတ်ကူးတွေကို လက်တွေ့အောင်မြင်သည်အထိ အကောင်အထည် ဖော်နိုင်တဲ့သူတွေဖြစ်တယ်။

ဂျပန်ဟာ စက်မှုအလွန်ထွန်းကားတဲ့ နိုင်ငံဖြစ်နေတာတောင် ထူးခြားချက်တစ်ခုက လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လက်မလွှတ်ဘဲ ထိန်းထားတာဟာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးဟာ အကြောင်းရင်းပဲလို့ ထင်မြင်စရာရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးဟာ ကုန်ကျစရိတ်မြင့်မားတဲ့ လုပ်ငန်းဖြစ်တယ်။ အမေရိကန်နဲ့ ထိုင်းနိုင်ငံက ဆန်ကို ဈေးသက်သက်သာသာနဲ့ ဝယ်စားနိုင်ပေမယ့် သွင်းကုန်အဖြစ် လက်မခံဘူး။ စစ်ရေးအရ ကိုယ့်အားကိုယ်ကိုးနိုင်ရမယ့် သဘောလည်းပါမယ်။ မိရိုးဖလာသဘောမျိုး လုပ်နေတာလည်း မဖြစ်နိုင်လောက်ဘူး။ ပညာခေတ် ပညာပါတဲ့ စိုက်ပျိုးရေးပညာကို အခြေပြုတဲ့ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသို့ လှမ်းတာပဲဖြစ်မယ်။ ဂျပန်နိုင်ငံရဲ့ လယ်ယာခွင်လုပ်ငန်းတွေဟာ ပိုပြီးအလားအလာကောင်းတဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်လာပါမယ်။ ဂျပန်လယ်သမားတွေဟာ ဒီအတွက်တာစူနေပုံရပါတယ်။ နည်းပညာအခြေခံတဲ့စိုက်ပျိုးရေး (Knowledge based Agriculture) ကို ပို၍ပို၍ လှမ်းနေတယ်လို့ ခန့်မှန်းရပါတယ်။

ဂျပန်လူမျိုးတို့ရဲ့ စိတ်ဓာတ်ဟာ အံ့မခန်းစရာကောင်းလှပါတယ်။ ဂျပန်စိတ်ဓာတ်၊ အနောက်တိုင်းပညာ၊ အနောက်ယဉ်ကျေးမှုနဲ့ သင်ယူမှု၊ ဒီနှစ်ချက်ဟာဦးနှောက်အတွက်ပဲ၊ နှလုံးသားက ဂျပန်ပဲ၊ အပြောင်းအလဲမရှိ ပကတိအတိုင်းဂျပန်ပဲ။ ဒါကြောင့်ပဲဖြစ်မယ်၊ ဂျပန်အရာရှိကြီးများဟာ နိုင်ငံခြားအတွေးအခေါ်တွေကြောင့် သာမန်ဂျပန်တို့ရဲ့ ဦးနှောက်ကို ပုန်ကန်ထကြွ အကြမ်းဖက်မှုဖြစ်မှာကို စိုးရိမ်ပူပန်ကြတယ်လို့ ဆိုပါတယ်။

**သိပ္ပံ့သမိုင်းစာမျက်နှာ**

သိပ္ပံ့သမိုင်းစာမျက်နှာကို ပြန်ကောက်ရရင် ဂူတင်ဘတ် (Gutenberg) ဟာ ပုံနှိပ်စက်ကို တည်ဆောက်ခဲ့တယ်။ ကော့ပါးနီးကပ်စ် (Copernicus) ကနေအဝန်းအဝိုင်းကို လှေ့လာခဲ့လို့ နေနဲ့ ဂြိုဟ်များရဲ့ အနေအထားကို ဖော်ထုတ်ခဲ့ပါတယ်။ ၁၉ ရာစုမှာ ဒြပ်တို့ရဲ့အခြေခံအသေးငယ်ဆုံးအက်တမ်ကိုတွေ့ခဲ့ပြီး ၂၀ ရာစုအစမှာ အက်တမ်ကို ခွဲခြမ်းစိတ်ဖြာကာ ပို၍နားလည်ခဲ့ပါတယ်။ လေယာဉ်နဲ့ ကောင်းကင်ထိ ပျံသန်းနိုင်ခဲ့တယ်။ နှိုင်းရယေဘုယျ သီအိုရီ (General Theory of Relativity) ကို သိရှိနားလည်လို့ အာကာသသွားလာစူးစမ်းရေးအတွက် အထောက်အပံ့ ဖြစ်ခဲ့တယ်။ ၁၉၇၀ ပြည့်နှစ်များမှာ လကမ္ဘာကို လူသားများ စတင်ဆင်းသက်နိုင်ခဲ့ပါတယ်။

ရှေးယခင်က သဘာဝသိပ္ပံ ဇီဝသိပ္ပံများကို အထူးလိုက်စားခဲ့တဲ့ လူးဝစ်ပါစချာ၊ နယူတန်၊ ဂရီဂိုမင်ဒယ်လ်၊ ဒါဝန်၊ ဂျွန်ဒေါ်လတန်၊ ဂျိမ်းစ်ဝပ်(တ်)ဆန်၊ ဖရန်စစ်ခရစ်(က်) အက်ဒီဆင်၊ အိုင်းစတိုင်း၊ ရိုက်ညီနောင်တို့ ကဲ့သို့သော ပုဂ္ဂိုလ်များဟာ ကမ္ဘာကို စံနမူနာတွေပြခဲ့ကြပါတယ်။ ထိုသူတို့တစ်ဦးချင်းဆီရဲ့ သုတေသနတွေ့ရှိချက်တွေ၊ ထပ်ဆင့်တည်ဆောက်မှုတွေ၊ တီထွင်ဆန်းစစ်မှုတွေဟာ လူ့ယဉ်ကျေးမှုကြီးဖြစ်ပေါ်ပုံမှာ စိတ်ဓာတ်ခွန်အားတွေ ဖြစ်ခဲ့ပါတယ်။ နေစကြဝဠာအတွင်းက ဗီးနပ်စ်နဲ့ အင်္ဂါဂြိုဟ်များဆီသို့ ယာဉ်ငယ်များလွှတ်တင်ကာ လေ့လာမှုတွေ လုပ်လာပါတယ်။ သူတို့ထံက သင်ကြားမှုတွေ လက်ဆင့်ကမ်းရရှိလာတဲ့ အသိပညာအမွေအနှစ်တွေဟာ အကျိုးရှိရှိ ပညာပါပါသုံးတတ်တဲ့အတွက် လူသားတို့ရဲ့ အသုံးအဆောင်တွေ ဖြစ်လာခဲ့ပါတယ်။ လူတို့ရဲ့ဘဝ အစိတ်အပိုင်း ဖြစ်တဲ့လူတွေ အလုပ်လုပ်ကြပုံ၊ အသက်မွေးဝမ်းကျောင်း ပြောင်းလဲလာပုံတွေ အနာဂတ်အရေး စဉ်းစားတွေးခေါ်ပုံအထိ ရိုက်ခတ်ခဲ့တာအမှန်ပဲဖြစ်ခဲ့ပါတယ်။ ဂျီနွန်းနည်းပညာဟာလည်း မကြာမတင်မှာပဲ ဒီသဘောဆောင်ပါလိမ့်မယ်။ ၁၉၅၃ ခုနှစ်နောက်ပိုင်းမှာတော့ မျိုးရိုးဗီဇဂျီနွန်း (Heredity Genome) ခေတ်ကြီးထဲ ဝင်ရောက်လာတာကို ယခုအခါမှာ ပို၍တွေ့မြင်လာရပါတယ်။

**မျိုးရိုးဗီဇခေတ်**

၁၉၅၃ ခုနှစ်မှာ အမေရိကန်သိပ္ပံပညာရှင် ဂျိမ်းစ်ဝပ်(တ်)ဆန်နဲ့ ဗြိတိသျှ ပါမောက္ခ ဖရန်စစ်ခရစ်(က်) တို့ဟာ မျိုးရိုးဗီဇအခြေခံ ဒီအောက်ဆီရိုင်ဗိုနျူကလီးယစ်အက်စစ် (Deoxyribonucleic Acid) ဒီအင်န်အေ (DNA) ကို တွေ့ရှိခဲ့တာဟာ တိုးတက်မှုကြီးပဲ။ သိပ္ပံနဲ့နည်းပညာလမ်းကြောင်းပေါ်က DNA ဟာ အနာဂတ်အပြောင်းအလဲကြီးဖြစ်နိုင်တော့ ၂၁ ရာစုဟာ မျိုးရိုးဗီဇခေတ် (Genome) ဂျီနွန်းခေတ်ပဲ။ ၂၁ ရာစု သိပ္ပံအရာမှာဆိုရင် ဂျီနွန်းခေတ်ပဲ။ စီးပွားရေး၊ လူမှုရေးနဲ့ ဆက်စပ်ယှက်နွယ်နေတဲ့ ပညာရေးဟာလည်း ဟန်ချက်ညီညီ ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။

မျိုးရိုးဗီဇဆိုတဲ့အတိုင်း ဘိုးဘေးဘီဘင်တွေဆီက မျိုးဗီဇဂျင်းတွေဟာ အဘိုးအဘွား၊ မိဘ သားသမီးတွေ အထိ စီးဆင်းပါလာလေ့ရှိတာကို မန်ဒဲလ်ကစတင်ပြီး နားလည်ခဲ့ပါတယ်။ ယနေ့ စားသုံးနေတဲ့ဆန်၊ ဂျုံနဲ့ ပြောင်းတို့ဟာ ရှေးယခင်နှစ်ပေါင်းများစွာက စားလို့မရလောက်အောင် မာကျောခဲ့ပါတယ်။ နှစ်ပေါင်းများစွာက ခရမ်းချဉ်သီးတွေဟာ သေးသေးငယ်ငယ် ဘယ်ရီသီးတွေပဲ၊ ယနေ့ ပန်းအလှတို့ဟာလည်း ရှေးရှေးတုန်းကလို မဟုတ်တော့ဘဲ မျိုးစပ်ထားတာကြောင့်လှနေကြတာ၊ ရောင်စုံဖူးပွင့်ကြတာဖြစ်တယ်။ ယနေ့ အိမ်မွေးခွေးများဟာ ရှေးယခင်က ဝံပုလွေ မျိုးနွယ်တွေဖြစ်ခဲ့တယ်။ မျိုးရိုးဂျီနွန်းတို့ဟာ သဘာဝအလျောက်ကို ပြောင်းလဲနေတာ ဖြစ်ပါတယ်။ နှစ်ပရိစ္ဆေဒကြာအတွင်း သဘာဝတရားကြီးက ရွေးချယ်မှုလုပ်ပေးတာသည်ပင် ကမ္ဘာကို အလှဆင်ပေးသလို အံ့ဖွယ်ရာတွေ ဖြစ်ခဲ့ပါတယ်။ အခုကကတော့ အပင်လောကထဲက ဒီအင်န်အေ မျိုးရိုးဗီဇတွေကို ပြောင်းလဲဖြတ်တောက်၊ သင့်သလို ပြန်လည်ပေါင်းစပ်ပြီး ဥပမာ လူ့အတွက် လိုအပ်တဲ့ ဆေးပစ္စည်းတွေထုတ်ပေးတဲ့နည်းတွေ တွေ့ရှိလာနိုင်ပါတယ်။ အသစ်ဖန်တီးမယ့် ဒီနည်းပညာကို စနစ်တကျနဲ့ ဖွံ့ဖြိုးအောင်မြင်လာဖို့ လိုအပ်ပါတယ်။ ကြက်၊ ဝက်၊ ငှက်၊ ငါး၊ တီကောင်အပါအဝင် လူတွေရဲ့ အသက်ဖြစ်စဉ် (Life Processes) တွေမှာ ဆဲလ် (cell) တစ်ခုချင်းထဲက DNA ဟာ လျှို့ဝှက်စကားတွေနဲ့ အလုပ်လုပ်နေတယ်ဆိုတာ သိလာရပါတယ်။

“ခရစ်နှစ် ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှာ ခင်ဗျားဟာ အင်တာနက်ကောင်းကောင်း သုံးနိုင်ပြီဆိုရင် ကမ္ဘာ့မြေပုံကိုမြင်ရသလို ဗက်တီးရီးယားကအစ လူရဲ့ဂျီနွန်းကို ကျွန်တော်တို့ ဖတ်ရှုနိုင်မှာဖြစ်ပါတယ်”လို့ အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်ဟာ ၂၀၀၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့မှာ ဂျီနွန်းနဲ့ ပတ်သက်ပြီး ချီးမွမ်းစကားကိုပြောခဲ့ပါတယ်။ “ကျွန်တော်တို့တစ်တွေဟာ ဘုရားသခင်ဖန်ဆင်းတဲ့ အသက် (Life) ရဲ့ လျှို့ဝှက်ကုတ်စကားကို လေ့လာသင်ယူနေပြီဖြစ်ပါတယ်။ ဒီကိစ္စဟာ ယုံမှားသံသယဖြစ်စရာ အကြောင်းမရှိ၊ အလွန်အံ့ဖွယ်ကောင်းတဲ့ ဂျီနွန်းမြေပုံကြီးကို လူသားတို့က ဖော်ထုတ်ပြသနိုင်တာဖြစ်ပါတယ်” လို့ အနှစ်ချုပ်ကို ပြောခဲ့ပါတယ်။


*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၁၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၂၈)အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၂၈)တွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၃) နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။ ဦးစွာပေးပို့လာသည့် လျှောက်လွှာ (၅၀)ကိုသာ လက်ခံမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁၅-၈-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာတတ်ကျွမ်းသူ ဦးစားပေးမည်။
(ဃ) လျှောက်လွှာနှင့်အတူအောက်ပါအချက်များကို ပူးတွဲတင်ပြရမည်-
   (၁) ကိုယ်ရေးမှတ်တမ်း
   (၂) လွန်ခဲ့သော(၂)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ
   (၃) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
   (၄) ပညာအရည်အချင်းအတွက်ဘွဲ့လက်မှတ်(မိတ္တူ)
   (၅) အခြားတတ်ကျွမ်းသည့် ဘာသာရပ်များအတွက် အောင်လက်မှတ် (မိတ္တူများ)
   (၆) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင် လက်မှတ် (မိတ္တူ)
   (၇) လွန်ခဲ့သောတစ်လအတွင်း ပြုလုပ်ထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် / ကျေးရွာထောက်ခံစာ ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ (မူရင်းများ)
   (၈) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)
   (၉) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ(မူရင်း)

၂။ လျှောက်လွှာများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ website ဖြစ်သော www.monrec.gov.mm၌ ဝင်ရောက်လျှောက်လွှာပုံစံအား download ရယူနိုင်ပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈) ၊ နေပြည်တော်သို့ ၁၂-၉-၂၀၂၂ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ ၊ ကိုယ်စားဖြင့်ဖြစ်စေ ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်သည်။

၃။ စာမေးပွဲဖြေဆိုခွင့် ခုံအမှတ်များကို ၁၆-၉-၂၀၂၂ ရက် (သောကြာနေ့) တွင် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း ၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာအရေအတွက် (၅၀) ထက်ကျော်လွန်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲတွင် မြန်မာစာ ၊ အင်္ဂလိပ်စာ ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို စစ်ဆေးမည်ဖြစ်ပြီး ၂၃-၉-၂၀၂၂ ရက် (သောကြာနေ့) တွင် နံနက် ၀၉:၃၀ နာရီမှ ၁၂:၀၀ နာရီအထိ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၆။ လူတွေ့ဖြေဆိုခွင့် ရရှိသူများစာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပြီး လူတွေ့ စစ်ဆေးချိန်အတွင်း ဘွဲ့လက်မှတ် ၊ နိုင်ငံသားစိစစ်ရေးကတ် ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်မူရင်း စသည်တို့ကို တင်ပြရမည်။

၇။ လူတွေ့ဖြေဆိုခွင့် ရရှိသူများအား လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်း တို့ကို ၁၂-၁၀-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၀၉:၃၀ နာရီ ဆောင်ရွက်ပါမည်။

၈။ ရွေးချယ်ခြင်းခံရသူများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)တွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရမည်။

၉။ အသေးစိတ်သိရှိလိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၈)၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၄၀၅၀၇၂ / ၀၆၇-၄၀၅၃၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
## ပြင်ဦးလွင်မြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၅

| | | |
|---|---|---|
| ဒေါ်ရီရီဝင်း | နှင့် | ၁။ ဒေါ်လှအေး<br>၂။ ဒေါ်လှရှိန် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာရပ်၊ အမှတ် ၂၂၃နေ ဒေါ်လှအေးနှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းဝင်းနေ ဒေါ်လှရှိန်(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ရီရီဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် အကြောင်းပြချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၆ရက်(၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပြင်ဦးလွင်မြို့နယ်တရားရုံး

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ချွန်းတောင်ရွာနေ ကျွန်တော်ဦးအောင်နိုင်၏သား မောင်ဟန်မင်းခန့် ၅/ထခန(နိုင်)၁၁၁၉၈၀ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်နိုင် ၅/ထခန(နိုင်)၀၄၆၁၂၃**
**ဒေါ်နု ၅/ထခန(နိုင်)၀၃၂၄၉၁**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ အောင်လံခရိုင်-အောင်လံမြို့
## လေလံကြော်ငြာအမှတ် ၁/၂၀၂၂-၂၀၂၃
## အုပ်စု(၂၊ ၃၊ ၄၊ ၅)သစ်/ ခွဲသား/ (၃)ပေအောက်သစ်/မီးသွေးများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ အောင်လံခရိုင် ၊အောင်လံမြို့နယ် သစ်တောဦးစီးဌာနရှိ ဖမ်းဆီးရမိပုံစံ (၈)စာရင်းဝင် အုပ်စု(၂၊ ၃၊ ၄၊ ၅)သစ် / ခွဲသား (၅၅.၇၈၉၃)တန်၊ (၃) ပေအောက်သစ်(၁၀၈)လုံး၊ (၄၅)ပေါင်ဝင်မီးသွေး(၁၀၀)အိတ် (၁၆.၀၀)တန်နှင့် (၃၀)ပေါင်ဝင်မီးသွေး (၃၆၂၁)အိတ် (၃၈၆.၂၂)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို လေလံဆွဲဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **နေ့ရက်** - ၁၂-၉-၂၀၂၂ရက် (တနင်္လာနေ့)
(ခ) **အချိန်** - နံနက် ၁၀နာရီ
(ဂ) **နေရာ** - အောင်လံခရိုင်၊အောင်လံမြို့နယ်၊ သစ်တောဦးစီးဌာနရုံး

၂။ လေလံအောင်မြင်သောပစ္စည်းများကို တိုင်းဒေသကြီးကျော်သယ်ယူခွင့်မပြုကြောင်းနှင့် လေလံစည်းကမ်းချက်များအသေးစိတ်သိရှိလိုသည်များကို ဖုန်း-၀၆၈-၂၁၀၁၂၊ ၀၆၉-၂၀၀၀၄၀၊ ၀၉-၂၅၅၇၀၉၁၁၈၊ ၀၉-၄၂၈၃၆၉၂၂၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ၊ အောင်လံခရိုင်**

---

## Express Life Employment Agency Co.,Ltd မှ Golden Express Life Employment Agency Co.,Ltd ဟု အမည်ပြောင်းလဲတိုးချဲ့ခေါ်တွင်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ တိုက်အမှတ်(၂၀/၂၂)၊ (၄)လွှာ (ယာ)ဘက်၌ တည်ရှိသည့် Express Life Employment Agency Co.,Ltd၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျော့ကေခိုင် ၇/ညလပ(နိုင်) ၂၂၆၄၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ တိုက်အမှတ်(၂၀/၂၂)၊ (၄)လွှာ(ယာ)ဘက်၌ တည်ရှိသည့် ယခင်က Express Life Employment Agency Co.,Ltdကို ယခုအခါ Golden Express Life Employment Agency Co.,Ltd ဟု (Company Registration No.134619589)ဖြင့် (၂၃-၈-၂၀၂၂)ရက်မှစ၍ အမည်ပြောင်းလဲ တိုးချဲ့ခေါ်တွင်စေလျက် လုပ်ငန်းဆောင်ရွက်မှုများအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ခင် (LL.B,LL.M,DBL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၅၇)**
**ဖုန်း-၀၉-၄၂၁၀၉၈၇၈၅၊ ၀၉-၆၆၃၉၁၀၉၂၅**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
## မကွေးခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၂ နှင့် ဆက်နွယ်သည့် ၂၀၂၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ် ၃၉

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ် (မကွေးဘဏ်ခွဲ)<br>(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးဖြိုးဝေလင်း) | နှင့် | ၁။ ဒေါ်ခင်မိုးအေး<br>၂။ ဦးသက်နိုင်ထွန်း |
| **တရားနိုင်** | | **တရားရှုံးများ** |

မကွေးမြို့၊ ရန်အောင်ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၂၆၇နေ (၁)တရားရှုံး ဒေါ်ခင်မိုးအေး၊(၂) တရားရှုံး ဦးသက်နိုင်ထွန်း(ယခုနေရပ်လိပ်စာမသိ)သူတို့သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၈၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ရက်(၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၅ ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

---

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အမှတ် (၁၇/အေ)တွင် တည်ရှိသည့် JC ASSOCIATES COMPANY LIMITED ကိုယ်စားကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုရည်လွင် ၁၂/ဥကမ(နိုင်)၂၃၀၈၀၆မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဖွဲ့ကပင်လမ်း၊ အမှတ်(၁၂၀၈)နေ ဦးလမင်း ၁၂/မရက(နိုင်)၀၂၀၁၇၇အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၇-၉-၂၀၂၁)ရက်တွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၇၀၇/၂၀၂၁)ကိုပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**JC ASSOCIATES COMPANY LIMITED**
**(ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်စုရည်လွင်) ၁၂/ဥကမ(နိုင်)၂၃၀၈၀၆**
**ဖုန်း-၀၉-၇၉၁၀၆၀၅၀၈**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ ရပ်၊ မြေကွက်အမှတ် (၈-၂၃၂၇)၊ မြေဧရိယာ ၀ဒသမ ၅၃၇ဧကရှိ ဦးသောင်းတင်(ဘ)ဦးဆွေထွန်း ၁၂/ကမတ(နိုင်)၀၄၀၈၁၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးသောင်းတင်ထံမှ ရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၉၄၅/၂၀၂၂၊ ၂-၅-၂၀၂၂ ဖြင့် ရရှိထားသူ ဒေါ်သင်းသင်းစိုး (ဘ)ဦးသက်ထွန်း ၁၂/ကမရ(နိုင်)၀၂၄၉၆၁ မှ ဦးစိန်မင်း(ခ)ထက်အောင် (ဘ)ဦးအေးသောင်း ၇/တငန(နိုင်)၀၆၁၄၈၄ နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက် မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၂၂)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်းရှိ အသုံးပြု၍မရနိုင်တော့သည့် လုပ်ငန်းသုံးပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ရက်/အချိန် | | တင်ဒါဖွင့်ရက်/အချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| ၁။ | အသုံးပြု၍ မရနိုင်တော့သည့် လုပ်ငန်းသုံးပစ္စည်းများ | (1)LOT | ၈-၉-၂၀၂၂ | ၁၂:၀၀ | ၈-၉-၂၀၂၂ | ၁၃:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ၂၆-၈-၂၀၂၂ရက်မှ ၈-၉-၂၀၂၂ရက်အထိ တစ်စုံလျှင် ကျပ်၅၀၀၀၀/-(ကျပ်ငါးသောင်း တိတိ)ဖြင့် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန၊ ဖုန်း-၀၆၇-၃၄၁၃၃၄၄၊ ၀၆၇-၃၄၁၁၀၉၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

---

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRIC POWER
## ELECTRIC POWER GENERATION ENTERPRISE
## (Tender No. EPGE PV 03/ 2022–2023)

In accordance with section 8.2 "AMENDMENTS" of Request for Proposals (RFP) of EPGE PV 03/2022–2023, EPGE herewith would like to announce that Bid Submission Date shall be amended as 30th September 2022 and the Addendum No.3 shall be issued.

---

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRIC POWER
## ELECTRIC POWER GENERATION ENTERPRISE
## (Tender No. EPGE PV 04/ 2022–2023)

In accordance with section 8.2 "AMENDMENTS" of Request for Proposals (RFP) of EPGE PV 04/2022–2023, EPGE herewith would like to announce that Bid Submission Date shall be amended as 16th October 2022 and the Addendum No.1 shall be issued.

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ မြေကွက်အမှတ်(၁၀၅)၊ အကျယ်အဝန်း (၁၆ပေ ၈လက်မ× ၅၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးကျော်သူဝင်း (၁၂/သဃက (နိုင်) ၁၄၃၆၃၅)နှင့် ဒေါ်နွယ်နွယ်အောင် (၁၂/သဃက (နိုင်) ၁၄၃၆၃၆)တို့ (၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး**<br>**LL.B, D.B.L, D.I.L,** | **ဒေါ်လင်းလင်းထက်**<br>**LL.B.** |

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ အောင်ဇေယျာ ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၉-တ/အောင် ဇေယျာ)၊ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(စ)၊ ဧရိယာ (၀ဒသမ၀၆၂)ဧကအကျယ်ရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးထွန်းဝေ (DV-၀၅၄၆၀၂)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးရန်ကျော် ၈/ခမန(နိုင်)၁၀၂၆၁၁ သည် နှစ်ဦးသဘောတူ အိမ်ဝိုင်းမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးခိုင်ထူး(LL.B)**
